ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပရိယတ္တိပညာရေး စီမံကိန်းအရ

စနစ်သစ် ပထမပြန်စာမေးပွဲ

## ပထမငယ်တန်းအတွက်

# ပါဠိသဒ္ဒါနှင့်အသုံးအနှုန်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈ ၁၉၈၆

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက် အတွက
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ်(၀၂၅၂၇) က ထုတ်ဝေ၍
ဦးစံလှ၊ (၀၂၂၀၉)၊ စိုးမိုးမိတ်ဆက် ပုံနှိပ်တိုက်၊
အမှတ် ၁၄၆/၃၃-လမ်း၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။

# ပထမငယ်တန်း

## ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း

# မာတိကာ


အကြောင်းအရာ — စာမျက်နှာ

### အခန်း (၁)

၁။ အက္ခရာအကြောင်း ... ၁

(က) အက္ခရာမည်ပုံ (ဝဏ္ဏမည်ပုံ) .... .... .... ၁

(ခ) အက္ခရာ အရေအတွက် .... .... .... .... ၁

(ဂ) အက္ခရာခွဲပုံ .... .... .... .... .... .... ၂

၂။ သရအကြောင်း ... ၃

(က) သရမည်ပုံ .... .... .... .... .... .... ၃

(ခ) သရအရေအတွက် .... .... .... .... .... ၃

(ဂ) သရသင်္ကေတ .... .... .... .... .... ၄

(ဃ) ရဿသရမည်ပုံ .... .... .... .... .... ၄

(င) ရဿသရ အရေအတွက် .... .... .... .... ၄

(စ) ဒီဃသရမည်ပုံ .... .... .... .... .... ၄

(ဆ) ဒီဃသရ အရေအတွက် .... .... .... .... ၄

(ဇ) ေနှင့် ဩ ရွတ်ဖတ်နည်း .... .... .... .... ၅

(ဈ) ဂရုနှင့်လဟု.... .... .... .... .... .... ၅

# ပထမငယ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (ည) သဝဏ္ဏနှင့်အသဝဏ္ဏ .... .... .... .... | ၅ |
| (ဋ) သရူပနှင့်အသရူပ .... .... .... .... .... | ၆ |
| (ဌ) လေ့ကျင့်ခန်း .... .... .... .... .... | ၇ |
| ၃။ ဗျည်းအကြောင်း | ၇ |
| (က) ဗျည်းမည်ပုံ.... .... .... .... .... .... | ၇ |
| (ခ) ဗျည်းအရေအတွက်နှင့် သင်္ကေတ.... .... .... | ၇ |
| (ဂ) ဝဂ်ဗျည်းနှင့် အဝဂ်ဗျည်း .... .... .... .... | ၈ |
| (ဃ) ဃောသနှင့် အဃောသ .... .... .... .... | ၉ |
| (င) သိထိလနှင့် ဓနိတ.... .... .... .... .... | ၉ |
| (စ) ပုဗ္ဗာသယနှင့် ပရာသယ.... .... .... .... | ၉ |
| (ဆ) နိဂ္ဂဟိတ် .... .... .... .... .... .... | ၁၀ |
| (ဇ) လေ့ကျင့်ခန်း .... .... .... .... | ၁၀ |
| ၄။ မတြာအကြောင်း | ၁၁ |
| (က) မတြာမည်ပုံ .... .... .... .... .... | ၁၁ |
| (ခ) ရဿသရမတြာ .... .... .... .... .... | ၁၁ |
| (ဂ) ဒီဃသရမတြာ .... .... .... .... .... | ၁၁ |
| (ဃ) ဗျဉ္ဇနမတြာ.... .... .... .... .... .... | ၁၁ |
| (င) ဗျဉ္ဇနသရမိဿကမတြာ .... .... .... .... | ၁၁ |
| (စ) လေ့ကျင့်ခန်း .... .... .... .... .... | ၁၁ |

အကြောင်းအရာ စာမျက်နှာ

## အခန်း (၂)

၁။ သန္ဓိအကြောင်း ၁၃
(က) သန္ဓိမည်ပုံ .... .... .... .... .... .... ၁၃
(ခ) သန္ဓိအမျိုးအစား .... .... .... .... .... ၁၃
၁။ သရသန္ဓိမည်ပုံ .... .... .... .... ၁၃
၂။ ဗျဉ္ဇနသန္ဓိမည်ပုံ .... .... .... .... ၁၄
၃။ နိဂ္ဂဟိတသန္ဓိမည်ပုံ .... .... .... ၁၄
(ဂ) သရသန္ဓိစည်းမျဉ်းနှင့် ပုံစံများ .... .... .... ၁၅
(ဃ) ဗျဉ္ဇနသန္ဓိစည်းမျဉ်းနှင့် ပုံစံများ.... .... .... ၂၁
(င) နိဂ္ဂဟိတသန္ဓိစည်းမျဉ်းနှင့် ပုံစံများ .... .... ၂၅
(စ) တနည်း သန္ဓိအမျိုးအစား .... .... .... ၂၉
(ဆ) သန္ဓိမစပ်သင့်သောဌာန .... .... .... .... ၃၁
(ဇ) လေ့ကျင့်ခန်း .... .... .... .... ၃၂

## အခန်း (၃)

၁။ ကာရန်အကြောင်း ၃၃
(က) ကာရန်မည်ပုံ .... .... .... .... .... ၃၃
(ခ) ကာရန်အမျိုးအစား .... .... .... .... ၃၃

၂။ ဝစ်နှင့် ကိန်းအကြောင်း ၃၄
(က) ဝစ်နှင့် ကိန်းမည်ပုံ.... .... .... .... .... ၃၄
(ခ) ဝစ်နှင့်ကိန်း အမျိုးအစား .... .... .... ၃၄

# [ ဿ ]   ပထမငယ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၃။ ဝိဘတ်အကြောင်း | ၃၅ |
| (က) ဝိဘတ်မည်ပုံ .... .... .... .... .... | ၃၅ |
| (ခ) ဝိဘတ်အမျိုးအစား .... .... .... | ၃၅ |
| ၁။ နာမ်ဝိဘတ် .... .... .... .... | ၃၅ |
| ၂။ အာချာတ်ဝိဘတ် .... .... .... .... | ၃၆ |
| (ဂ) ကာရကခြောက်ပါးနှင့် အာလုပ်သာမိအကာရက | ၃၇ |
| (ဃ) နာမ်ဝိဘတ်နှင့်အနက်ဇယား .... .... .... | ၃၈ |
| (င) လေ့ကျင့်ခန်း ... .... .... .... | ၃၉ |
| ၄။ လိင်အကြောင်း | ၃၉ |
| (က) လိင်မည်ပုံ .... .... .... .... .... .... | ၃၉ |
| (ခ) လိင်အမျိုးအစား .... .... .... .... .... | ၄၀ |
| (ဂ) လေ့ကျင့်ခန်း .... .... .... .... .... | ၄၁ |
| ၅။ နာမ်ဂိုဏ်းအကြောင်း | ၄၁ |
| (က) နာမ်ဂိုဏ်းမည်ပုံ .... .... .... .... .... | ၄၁ |
| (ခ) ပဒမာလာမည်ပုံ .... .... .... .... .... | ၄၁ |
| (ဂ) နာမ်ဂိုဏ်းအမျိုးအစား .... .... .... .... | ၄၁ |
| (ဃ) လေ့ကျင့်ခန်း | ၄၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


၆။ ပုဒ်အကြောင်း ၄၂

(က) ပုဒ်မည်ပုံ .... .... .... .... .... .... ၄၂
(ခ) ပုဒ်အမျိုးအစား .... .... .... .... .... ၄၂
(ဂ) လေ့ကျင့်ခန်း .... .... .... .... ၄၃

၇။ နာမ်ပုဒ်အကြောင်း ၄၃

(က) နာမ်မည်ပုံ .... .... .... .... .... .... ၄၃
(ခ) နာမ်အမျိုးအစား .... .... .... .... .... ၄၃
(ဂ) လေ့ကျင့်ခန်း .... .... .... .... ၄၄

၈။ နာမ်ပုဒ်နောင်ဝိဘတ်သွယ်ပုံအကြောင်း ၄၄

(က) အကာရန္တပုလ္လိင်နာမ်များ.... .... .... .... ၄၇
(ခ) ။ နပုလ္လိင်နာမ်များ .... .... .... ၄၈
(ဂ) အာကာရန္တပုလ္လိင်နာမ်များ .... .... .... ၅၃
(ဃ) ။ ဣတ္ထိလိင်နာမ်များ .... .... .... ၅၃
(င) ဣကာရန္တပုလ္လိင် .... .... .... .... .... ၅၅
(စ) ။ နပုလ္လိင် .... .... .... .... .... ၅၇
(ဆ) ။ ဣတ္ထိလိင်.... .... .... .... .... ၅၉
(ဇ) ဤကာရန္တပုလ္လိင် .... .... .... .... .... ၆၁
(ဈ) ။ နပုလ္လိင် .... .... .... .... .... ၆၂
(ည) ။ ဣတ္ထိလိင်.... .... .... .... .... ၆၄
(ဋ) ဥကာရန္တပုလ္လိင် .... .... .... .... .... ၆၆
(ဌ) ။ နပုလ္လိင် .... .... .... .... .... ၆၇

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| (ဍ) | ဥကာရန္တ ဣတ္ထိလိင် .... .... .... .... | ၆၉ |
| (ဎ) | ဦကာရန္တ ပုလ္လိင် .... .... .... .... .... | ၇၂ |
| (ဏ) | ။ နပုလ္လိင် .... .... .... .... .... | ၇၃ |
| (တ) | ။ ဣတ္ထိလိင်.... .... .... .... .... | ၇၅ |
| (ထ) | ဩကာရန္တ ပုလ္လိင် .... .... .... .... .... | ၇၆ |
| (ဒ) | ။ နပုလ္လိင်.... .... .... .... .... | ၇၇ |
| (ဓ) | ။ ဣတ္ထိလိင်.... .... .... .... .... | ၇၈ |
| (န) | ဗျဉ္ဇနပုဒ်များဝိဘတ်သွယ်ပုံ .... .... .... | ၇၉ |
| (ပ) | တုမှ အမှ ဝိဘတ်သွယ်ပုံ.... .... .... .... | ၈၀ |
| (ဖ) | ယ တ ဝိဘတ်သွယ်ပုံ .... .... .... .... | ၈၁-၂ |


## အခန်း (၄)


၁။ ကြိယာအကြောင်း ၈၃

(က) ကြိယာမည်ပုံ .... .... .... .... .... ၈၃

(ခ) ကြိယာအမျိုးအစား .... .... .... .... ၈၃

၁။ အာချာတ်ကြိယာ

၂။ ကိတ်ကြိယာ

၂။ အာချာတ်ကြိယာအကြောင်း ၈၄

(က) အာချာတ်လက္ခဏာ .... .... .... .... ၈၄

(ခ) အာချာတ်ဝိဘတ်များ .... .... .... .... ၈၅

(ဂ) အာချာတ်ဝိဘတ်အနက်နှင့် ကာလ .... .... ၈၇

(ဃ) ပရဿပုဒ်နှင့် အတ္တနောပုဒ်.... .... .... .... ၁၀၁

အကြောင်းအရာ စာမျက်နှာ

(င) ယောဂနှင့် အမျိုးအစား.... .... .... .... ၁၀၂
(စ) ပုရိသ်နှင့် အမျိုးအစား .... .... .... .... ၁၀၂
(ဆ) ပုရိသ်ယှက်ပုံ .... .... .... .... .... ၁၀၃
(ဇ) အသုံးများသောဝိဘတ်များ .... .... .... ၁၀၃
၁။ ဝတ္တမာန်ဝိဘတ် .... .... .... .... ၁၀၄
၂။ ပဉ္စမီဝိဘတ် .... .... .... .... ၁၀၄
၃။ အဇ္ဇတနီဝိဘတ် .... .... .... .... ၁၀၅
၄။ ဘဝိဿန္တိဝိဘတ် .... .... .... .... ၁၀၆
၅။ သတ္တမီဝိဘတ် .... .... .... .... ၁၀၇
(ဈ) လေ့ကျင့်ခန်း .... .... .... .... ၁၀၇

၃။ ဓာတ်ပစ္စည်းနှင့် တည်ပုဒ်အကြောင်း ၁၀၈
(က) ဓာတ်မည်ပုံ.... .... .... .... .... .... ၁၀၈
(ခ) ဓာတ်အမျိုးအစား .... .... .... .... ၁၀၉
(ဂ) ပစ္စည်းမည်ပုံ .... .... .... .... .... ၁၁၀
(ဃ) ပစ္စည်းအမျိုးအစား .... .... .... .... ၁၁၀
၁။ ဝိကရဏပစ္စည်း .... .... .... .... ၁၁၀
၂။ ဓာတုနိဒ္ဒိဋ္ဌပစ္စည်း .... .... .... ၁၁၀
(င) တည်ပုဒ်အကြောင်း .... .... .... .... ၁၁၁
(စ) လေ့ကျင့်ခန်း .... .... .... .... ၁၁၁

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၄။ **အာချာတ်ဂိုဏ်းအကြောင်း** | ၁၁၂ |
| (က) အာချာတ်ဂိုဏ်းမည်ပုံ .... .... .... .... | ၁၁၂ |
| (ခ) အာချာတ်ဂိုဏ်းအမျိုးအစား .... .... | ၁၁၂ |
| (ဂ) လေ့ကျင့်ခန်း .... .... .... | ၁၁၅၊၁၁၇ |
| ၅။ **အာချာတ်ကြိယာ တည်ဆောက်ပုံအကြောင်း** | ၁၁၂ |
| (က) ဓာတ်၊ ပစ္စည်း၊ ဝိဘတ်သုံးမျိုးဆက်သွယ်ပုံ .... | ၁၁၂ |
| (ခ) အာချာတ်ကြိယာဖြစ်ပုံ .... .... .... .... | ၁၁၂ |
| (ဂ) ဝိဘတ်တခုနှင့်ဂိုဏ်းစုံ .... .... .... .... | ၁၃၁ |


## အခန်း (၅)


| | |
|---|---|
| ၁။ **ဝါကျအကြောင်း** | ၁၃၇ |
| (က) ဝါကျအဓိပ္ပာယ် .... .... .... .... .... | ၁၃၇ |
| (ခ) ဝါကျအမျိုးအစား .... .... .... | ၁၃၇ |
| (ဂ) သုဒ္ဓဝါကျတည်ဆောက်ပုံ.... .... .... .... | ၁၃၈ |
| (ဃ) ကာရိတ်ဝါကျတည်ဆောက်ပုံ .... .... .... | ၁၅၀ |
| (င) ကတ္တားဟောဝါကျ .... .... | ၁၅၅ |
| (စ) ကံဟောဝါကျ .... .... .... | ၁၅၆ |
| (ဆ) လေ့ကျင့်ခန်း .... .... .... | ၁၅၇ |

## ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း
## သုံးသွယ်သောနိဒါန်း –

"နိဒါန်း"ဆိုသည်မှာ ကျမ်းဦးစကား တမျိုးပင် ဖြစ်၏။ ကျမ်းစာနှင့် စပ်လျဉ်း၍ - ကျမ်းဖြစ်ပေါ်လာပုံ အကြောင်းအရာများကို ဖော်ပြအသိပေးသော အကြောင်းပြ စကား လက်မှန်လည်း ဖြစ်၏။ သို့ဖြစ်၍ ဤ "ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း"စာအုပ်အတွက် နိဒါန်းကို သုံးပိုင်းခွဲခြား ဖော်ပြပါမည်။

### ဒူရေနိဒါန်း

ဤစာရေးသူသည် အသက် ၁၄-နှစ်သားအရွယ် ရှင်သာမဏေလေး ဘဝ၌ ငယ်ဆရာထံ၌ ကစ္စည်းသဒ္ဒါကြီးကို စတင်တက်ခဲ့ရ၏၊ ဆရာတော်က နန်းကျောင်းမှသဒ္ဒါကြီး နှိုင်းယှဉ်ကြီးကိုကိုင်ပြီး "သဒ္ဒါ၊ အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူထသော"စသည်ဖြင့် နှုတ်တိုက်ချပေးသည်ကို မရအရ လိုက်ဆိုမှတ်သားခဲ့ရ၏။ ဤအချိန်မှစ၍ အသက် ၂၂-နှစ်အရွယ် အစိုးရ ပထမကြီးတန်း၊ စေတိယင်္ဂဏ စာသင်တန်း၊ သက္ကျသီဟစာသင်တန်းများကို အောင်မြင်ပြီးသည်အထိ ကစ္စည်းသဒ္ဒါနှင့် သက်ဆိုင်ရာအဖွင့်ကျမ်းများကို ဆရာအဆူဆူတို့ထံမှ သင်ယူခဲ့ရပေသည်။ သဒ္ဒါငယ်များအချို့နှင့် မောဂ္ဂလ္လာန် သဒ္ဒနီတိတို့ကိုလည်း အနည်းငယ်စီ လေ့လာခဲ့ရ၏။

အသက် ၂၅-နှစ်အရွယ် သက္ကျသီဟ၊ စေတိယင်္ဂဏ၊ အစိုးရ ဓမ္မာစရိယကြီး သုံးတန်းကို အောင်မြင်ပြီးသည့်နောက် မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်မြို့ကြီးများရှိ ကျောင်းတိုက်ကြီးများ၌ စာချ ဘုန်းကြီးကလေးဘဝဖြင့် ပြန်လည် စာပေပို့ချပေးနေခဲ့၏။

ဤသို့သော ကာလတာတလျှောက်လုံးတွင် မိမိသင်ယူခဲ့ရသော သဒ္ဒါသင်နည်းအရ သဒ္ဒါကြီးကိုသာ စွဲမြဲနေခဲ့၏။ စွဲမြဲနေသည်ဆိုရာ၌ တခြားသော သဒ္ဒါသင်နည်းများကို မသိရှိ မလေ့လာရသည့်အတွက် ကိုယ့်ဟာကိုယ် ကျေနပ်နေခြင်းလည်း ပါဝင်ပေ၏။

**အဝိဒူရေနိဒါန်း**

သ-စ-အ-ဓမ္မာစရိယ သုံးတွဲရပြီးနောက် တဘက်က စာချရပြီး အခြားတဘက်က ခေတ်အတန်းပညာကို ဆက်လက်လေ့လာသင်ယူခဲ့သည်။ ဆယ်တန်းရောက်သောအခါ တက္ကသိုလ်ပါဠိသဒ္ဒါကို စတင်သင်ယူ ဖြေဆိုရ၏။ ဥပစာတန်း၌လည်းတက္ကသိုလ်ပါဠိဘာသာကိုယူ၍ ဖြေဆိုအောင်မြင်ခဲ့၏။ ဝိဇ္ဇာနှင့် မဟာဝိဇ္ဇာတန်း ပါဠိသင်နည်းများကိုလည်း လေ့လာခဲ့၏။

ဤကဲ့သို့ တက္ကသိုလ်ပါဠိသင်နည်းစနစ်အရ ပါဠိသဒ္ဒါနှင့် ပါဠိစာပေကို သင်ယူရသောအခါ မိမိတို့ ပထမပြန် ဓမ္မာစရိယစာပေ လမ်းကြောင်းတလျှောက်၌ သင်ခဲ့ရသော သင်ပုံသင်နည်းနှင့်မတူ ကွဲပြားခြားနားချက်များကို သတိပြုမိလာပေသည်။

မတူသည့်အချက်ကား ဘုန်းကြီးကျောင်း သဒ္ဒါသင်နည်း၌ အာဂုံကျက်ရများ၏။ ရုပ်စီရင်သည့် သုတ်စဉ်သာမက သဒ္ဒါကြီးတအုပ်လုံး အကုန်ကျက်ရ၏။ သုတ်တွေ အလွတ်ရနေ၍ ရုပ်စီရင်ရာ၌ လေးနက်ခိုင်မြဲမှုများ ရှိ၏။ သို့သော် တတ်ခဲလှ၏။ တက္ကသိုလ် သဒ္ဒါသင်နည်း၌ အာဂုံများများ ကျက်ရန်မလို၊ မှတ်မိအောင်ကြည့်ထားနိုင်က လုံလောက်၏။ သုတ်ကို လုံးဝမသင်သည့်အတွက် လေးနက်ခိုင်မြဲမှု အားနည်း၏။ အခြေပါဒ သင်ဦးစ၌ တတ်လွယ်၏။ အထက်အဆင့်မြင့်လာ၍ ခက်ရခက်ဆစ် ကိစ္စများနှင့် တွေ့ရသောအခါ ထက်ထက်

မြက်မြက် ဖြေရှင်းသုတ်သင်နိုင်သည့် သဒ္ဒါစွမ်းအား လိုသည်ကို တွေ့ရ၏။

ဤကဲ့သို့ ဘုန်းကြီးကျောင်း ပါဠိသဒ္ဒါသင်နည်းနှင့် တက္ကသိုလ် ပါဠိသဒ္ဒါသင်နည်း နှစ်မျိုးလုံးကို ကိုယ်တိုင်ကိုယ်ကျ တာဝန်ရှိရှိ ကျကျ နန လေ့လာသင်ယူပြီးသောအခါ မိမိတို့ ငယ်စဉ်ကတည်းက သင်ယူလာ ခဲ့ကြရသည့် အစဉ်အလာ ပါဠိသဒ္ဒါသင်နည်းကို ပြန်လည်သုံးသပ် ကြည့်မိပေသည်။

ဤသို့ သုံးသပ်ကြည့်သောအခါ အစဉ်အလာ သဒ္ဒါသင်နည်းသည် ပါဠိဘာသာကိုရေ သဒ္ဒါကျမ်းကိုပါ တပြိုင်နက်သင်သည့်နည်း ဖြစ်နေ သည်ကို တွေ့ရ၏။ တနည်းအားဖြင့်ဆိုရသော် ဘာသာသင်နည်းနှင့် ကျမ်းတတ်သင်နည်း ရောထွေးနေ၏။

ဤစကားကိုရှင်းအံ့ —

ပါဠိသည် သက္ကတဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ စသည်တို့ကဲ့သို့ ဘာသာစကား(Language)တမျိုးဖြစ်၏။ ကစ္စည်း၊ မောဂ္ဂလ္လာန်စသော သဒ္ဒါကျမ်းအဆူဆူတို့သည် ထိုပါဠိဘာသာကို တတ်အောင် ရေးသား စီရင်ပေးထားသည့် သဒ္ဒါအတတ်ပညာကျမ်း စာများ ဖြစ်၏။ ဤအချက်နှစ်ရပ်ကို သရုပ်ကွဲတို့ လိုပေသည်။

အများအားဖြင့်ကား သဒ္ဒါနှင့် သဒ္ဒါကျမ်းကို ခွဲခြားမမြင်တတ်ကြ ချေ။ ပါဠိဘာသာနှင့် ပါဠိဘာသာတတ်အောင် သင်ပေးသော သဒ္ဒါ ကျမ်းတို့၏ ဂုဏ်ရည်ကို ရောကြိုတားလိုက်ကြ၏။

ဤကဲ့သို့ ဘာသာနှင့်ကျမ်းကို ကွဲပြားခြားပြီး မထားမိသည့် အတွက် ကျောင်းသား လူရွယ် ရှင်ငယ် ပဉ္စင်းငယ်များအား သဒ္ဒါ စတင် သင်ပေးသောအခါ အလွန်ခက်ခဲသော သဒ္ဒါကျမ်းဦး ပဏာမ

ဂါထာကြီးများကို ချပို့ပေးခြင်း၊ သဒ္ဒါကျမ်းပြုဆရာက သုတ်အာရေ အတွက်နည်းနည်း၊ စကားလုံး ကျစ်ကျစ်လစ်လစ်ဖြင့် ထိမိအောင် လိုက်သုတ်ထားပုံ၊ စ၊ ဝါ၊ ပိ၊ ယောဂ ဝိဘာဂစီရင်ပုံ၊ ကိ ဆဲ့ပုံ စသည် တို့ကို သင်ယူမှတ်သားစေခြင်း စသည်ဖြင့် ကျမ်းလေ့လာနည်းများကို ပါ တပါတည်း ထည့်သွင်း သင်ပေးမိလျက်သား ရှိပေသည်။

ပမာဆိုပါစို့ –

စတု သဒ္ဒါနောင် ထဆင်ထူး (ဒန္တဇဒုတိယ) အက္ခရာ ဖြင့်သာ စတုတ္ထဟု အမြဲရှိရမည်။ "ဆ" သဒ္ဒါနောင် ဌဝမ်းဘဲ (မုဒ္ဓဇဒုတိယ) အက္ခရာဖြင့်သာ "ဆဋ္ဌ"ဟု အမြဲရှိရမည်။ သို့မဟုတ် "စတုတ္ထ၊ ဆဋ္ဌ"ဟူ၍ ရှိမှသာ မှန်သည်။ စတုဋ္ဌ၊ ဆတ္ထ ဆိုက မှားသည်ဟု မှတ်သားစေလျှင် လိုရင်းကို လွယ် လွယ်နှင့် မှတ်မိသည်။

သို့ရာတွင် အစဉ်အလာ သင်ရိုး၌ကား ဤသို့လိုရင်းကို တိုက်ရိုက် မပြော၊ "စတုစ္ဆေဟိ ထဋ္ဌာ"သုတ်ဖြင့် ထပစ္စည်း၊ ဋ္ဌပစ္စည်းသက်ခြင်း သည် မြဲ မမြဲ အကြောင်းပြ၍ ဖြေပါဟု မေးပြီး ဒွေကဋ္ဌာနမကာ- ရောဝါ သုတ်မှ ဝါသဒ္ဒါဖြင့် သဆဿဂါ ဟူသော ရှေ့သုတ်မှ ဝါသဒ္ဒါ၏ အထက်သုတ်များသို့ လိုက်ခြင်းကို တားမြစ်ထားပြီးဖြစ်သောကြောင့် စတုစ္ဆေဟိထဋ္ဌာသုတ်ဖြင့် စတုသဒ္ဒါနောင် ထပစ္စည်း၊ ဆသဒ္ဒါနောင် ဋ္ဌပစ္စည်း အမြဲသက်နိုင်သည်ဟု ဖြေရပေသည်။

ဤသို့ လေ့လာသင်ယူရသော စာသင်သားများအနေဖြင့် သဒ္ဒါသုတ် များမှ လိုက်ခြင်းသဘော၊ ရှေ့မလိုက်အောင် ဆီးပိတ်သည့်သဘော စသည့် သဒ္ဒါကျမ်းဆိုင်ရာ ကိစ္စတို့ကို ထည့်သွင်း လေ့ကျက်မှတ်သား နေရသည့်အပြင် စတုတ္ထ၊ ဆဋ္ဌ ဟူ၍ ရှိရခြင်းသည် ဘုရားဟောပါဠိ

တော်မူရင်းမှာ ရှိသည့်အတွက် ဤသို့ရှိရသည်။ ဤသို့ရှိမှ ပါဠိမှန်သည် ဆိုသော လိုရင်းအချက်ကို အချိန်တိုတိုဖြင့် တိုက်ရိုက်မသိရပဲ ဝေ့ဝိုက် ကျော်လွှားပြီးမှ သိရပေတော့သည်။

ဤသို့ သင်ပေးကြသောအခါ စာသင်သားများ၌ ဦးခေါင်းတလုံး တည်းဖြင့် ရေအိုးနှစ်လုံးတပြိုင်နက် ရွက်ရဘိသကဲ့သို့ ဖြစ်ရှာရသည်။ ခေါင်းတလုံးတည်းဖြင့် ရေအိုး နှစ်လုံးတပြိုင်နက် အရွက်ခိုင်းလျှင် ခဏချင်း ရေအိုးကျကွဲရသကဲ့သို့ ပါဠိဘာသာကိုရော၊ သဒ္ဒါကျမ်းကို ရော တပါတည်း သင်ယူခိုင်းသောအခါ ပါဠိဘာသာကိုလည်း ဟုတ္တိ ပတ္တိမတတ်၊ ကျမ်းကိုလည်း ကောင်းစွာမတတ် ဖြစ်ရရှာသည်။

ပါဠိဘာသာ၏ သဘောသဘာဝ၊ ပါဠိအနေအထား၊ ပါဠိဘာသာ ၏ ထူးခြားမှု၊ ပါဠိတော်လာပါဠိ၊ အဋ္ဌကထာ ဋီကာလာပါဠိ၊ နောက် ခေတ်ပေါ်ပါဠိ စသည်တို့၏ ခြားနားချက်များ၊ ပါဠိဘာသာဖြင့် ကောင်းစွာရေးတတ်မှု၊ ပါဠိလို ဖြေပြောနိုင်မှု စသည် ဘာသာစကားတတ် အင်္ဂါရပ်များ လွယ်ကူစွာ မရပဲ ရှိကြရ၏။ ထို့ပြင် သဒ္ဒါကျမ်း ရေးပုံရေးနည်း၊ သဒ္ဒါကျမ်းကောင်းတဆူ၏ ဂုဏ်ရည်ပိုင်းစသည့် ကျမ်းရေးနည်း အတတ်ပညာပိုင်းကိုလည်း တကယ်တတ်သိမှုမရှိပဲ ဖြစ်နေကြပြန်၏။

ဤသို့ဘာသာနှင့် ကျမ်းကို တပြိုင်နက် ရောထွေးသင်ပေးနေ ခြင်းသည် ယနေ့ ဘုန်းကြီးကျောင်း ပညာသင်နည်း၌ ပင်ပန်းကြီး စွာ သင်အံကျက်မှတ် နေကြရပါလျက် ပါဠိမတတ် ဖြစ်နေရသည့် အကြောင်းတရပ် ဖြစ်ပေသည်။

**သန္တိကေနိဒါန်း**

ဤစာရေးသူသည် ဆိုခဲ့ပါအတိုင်း ဘုန်းကြီးကျောင်းသင်နည်းနှင့် ဟက္ကသိုလ်သင်နည်းနှစ်ရပ်ကို နှိုင်းယှဉ်သုံးသပ်မိချိန်မှ စ၍ နည်းနှစ်နည်းမှ ကောင်းသော အချက်များကို ယူပြီး တတိယနည်း ဖြစ်ထွန်းလာစေရန် စိတ်သန်ခဲ့ပေသည်။ လက်လှမ်းမီသမျှ လျှောက်ထား ပြောကြား ရေးသားခဲ့ပေသည်။ အထူးသဖြင့် ပရိယတ္တိစာပေကို စနစ်သစ်ဖြင့် သင်ကြားလာစေဘို့ လှုံ့ဆော်လာခဲ့ပေသည်။

ကံအားလျော်စွာ ၁၉၈၀-ပြည့်နှစ်၌ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပဖြစ်သောအခါ ပရိယတ္တိပညာ သင်ကြားရေးနှင့်ပတ်သက်၍–

၁။ ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်စေရေး၊

၂။ ပိဋကတ်ကျမ်းဂန် နှံ့စပ်စေရေး၊

၃။ ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေရေး၊

၄။ မြန်မာဘာသာ တော်စေရေး–

ဟူသော (မူ)ကြီးလေးရပ်ကို ဆုံးဖြတ်ပြဌာန်းမိအောင် ကြိုးစားနိုင်ခဲ့ပေသည်။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ ပညာရေးအဖွဲ့ငယ် ဥပဋ္ဌမ္ဘကပုဂ္ဂိုလ်အနေဖြင့် တာဝန်ယူဆောင်ရွက်ပြီး ပရိယတ္တိပညာရေးစီမံကိန်း အတည်ဖြစ်ရေး၊ ယင်းစီမံကိန်းအရ ပထမပြန်စာမေးပွဲကို စနစ်သစ်ဖြင့် ကျင်းပသွားရေး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် တည်ထောင်နိုင်ရေး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ

နိုင်ငံအနှံ့ ဖွင့်လှစ်စေပြီး မြို့နယ်အလိုက် စာမေးပွဲများ ကျင်းပနိုင်ရေးတို့အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ထောက်ကူလာသည့်အတွက် အခြားကိစ္စများနည်းတူ ပထမပြန်စာမေးပွဲကိုလည်း စနစ်သစ်ဖြင့် ကျင်းပရန် အခွင့်ရလာပေသည်။

သို့ရာတွင် ပြုပြင်ပြောင်းလဲရေးတိုင်းမှာ ပန်းခင်းသောလမ်း မဟုတ်မူပဲ အဂ္ဂကိဘက်မှ အဟန့်အတား အခက်အခဲများ တွေ့ရမြဲ ဓမ္မတာဖြစ်၏။ ဤ စနစ်သစ်ပထမပြန်ကိစ္စမှာလည်း အခက်အခဲ များစွာတွေ့ခဲ့ရပေသည်။ ရှေးအစဉ်အလာ သဒ္ဒါသင်နည်းကို မူသေ ယူထားပြီး ကစ္စည်းကျမ်းကို ဆုပ်ကိုင်ထားလိုမှုများမှာ အင်အား ကောင်းဆဲ ရှိနေပေသည်။

သို့ဖြစ်၍ ကွဲလွဲချက်များကို အတတ်နိုင်ဆုံး ညှိနှိုင်းပြီး စနစ်သစ် စ၍ဖြစ်အောင် (အလုပ်ဖြစ်အောင်) စီစဉ်ရာတွင် ကဝိလက္ခဏာ ဘာသာ(သဒ္ဒါ)ကို—

၁။ ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း၊

၂။ အစဉ်အလာ ကစ္စည်း (မောဂ္ဂလ္လာန်) –

ဟူ၍ နှစ်မျိုးခွဲခြား ပြဋ္ဌာန်းရန် ညှိနှိုင်းမှုတရပ် ရရှိခဲ့ပေသည်။ ဤသို့ ရရှိခဲ့သည့်အတိုင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ချက် အမှတ် (၁/၇၃) ဖြင့်ပထမပြန်စာမေးပွဲပြဋ္ဌာန်းချက်များကို ထုတ်ပြန် ခဲ့ပေသည်။

ဤတွင် ဤစာရေးသူ၏ မျှော်မှန်းခဲ့သည့်အတိုင်း ပါဠိဘာသာ တတိယသင်နည်းကို ပြည့်ပြည့်ဝဝ မဆောင်ရွက်နိုင်သေးသည်ကို သတိပြုခဲ့ရန် ဖြစ်ပါသည်။

## ပြဋ္ဌာန်းစာအုပ်အကြောင်း

"ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း" ဆိုရာတွင် ပါဠိသဒ္ဒါနှင့် ပါဠိအသုံးအနှုန်း (Gramma and usage) နှစ်မျိုးပါဝင်၏။ ဤစာအုပ်တွင် အပိုင်းနှစ်ပိုင်းပါဝင်ရာ အပိုင်း(၁)တွင် ပါဠိသဒ္ဒါကိုဖော်ပြပြီး၊ အပိုင်း(၂)တွင် ပါဠိအသုံးအနှုန်းကို ရေးသားထား၏။ အခန်းအားဖြင့် (၂၅)ခန်းရှိ၏။

ဤစာအုပ်ကို စနစ်သစ် ပထမငယ်၊ ပထမလတ်၊ ပထမကြီး သုံးတန်းအတွက် ပြဋ္ဌာန်းရာတွင် အခန်း(၁)မှအခန်း(၅)အထိ ပထမငယ်တန်းအတွက်၊ အခန်း(၆)မှ အခန်း(၁၆)အထိ ပထမလတ်တန်းအတွက်၊ အခန်း(၁၇)မှ အခန်း(၂၅)အထိ ပထမကြီးတန်းအတွက် ပိုင်းဖြတ်သတ်မှတ်ပေးထားပေသည်။

စာအုပ်ရိုက်သောအခါ စာအုပ်မြန်မြန်ဖြစ်စေရန်အတွက် တတန်းစီအတွက် တအုပ်စီရိုက်နှိပ်ထုတ်ဝေရန် ဆုံးဖြတ်ထားသည့်အတိုင်း ပထမငယ်တန်းအတွက် အခန်း(၁)မှ အခန်း(၅)အထိ တအုပ်ထုတ်ပေးလိုက်ပါသည်။

## ဂရုပြုလေ့လာရန်အညွှန်း

ပါဠိသဒ္ဒါတွင် နာမ်နှင့်ကြိယာနှစ်မျိုးသာ အရင်းမူလ ဖြစ်၏၊ နာမ်တွင် အက္ခရာ၊ ပုဒ်၊ ပုဒ်စုတို့ကို သိရန်လို၏။ ကြိယာတွင် အခြေခံဓာတ်နှင့် ကြိယာပုဒ်များကို သိရန်လို၏။ ထိုနာမ်နှင့်ကြိယာကို စည်းကမ်းတကျအသုံးချပြီး ဝါကျများ တည်ဆောက်သွားရန် ဖြစ်၏။ ဝါကျအမျိုးမျိုး ဖွဲ့တတ်ရန် လေ့ကျင့်ရမည် ဖြစ်၏။

ဤစာအုပ်အခန်း(၁)တွင် အက္ခရာအကြောင်းကို အမျိုးမျိုး ဖော်ပြထား၏၊ အခန်း(၂)တွင် အက္ခရာချင်းပေါင်းစပ်ပုံ (သန္ဓိ)ကို ရေးသားထား၏။ အခန်း(၃)တွင် အက္ခရာတို့၏အဆုံး (အန္တ) ကာရန်စသည်နှင့် နာမ်ပုဒ်အမျိုးမျိုးတည်ဖြစ်ပုံ(ဂိုဏ်းစဉ်)ကို အလေး ပေး ရေးသားထား၏။ အခန်း(၄)တွင်မူ ဓာတ်နှင့် ကြိယာပုဒ်များ အကြောင်း ရေးသား၏။ အခန်း(၅)၌ကား နာမ်ပုဒ်နှင့်ကြိယာပုဒ် ပေါင်းစပ်ပြီး ဝါကျတို(ဝါကျရိုး)များ ဖွဲ့စည်းပုံ ဖွဲ့စည်းနည်းကို ဖော်ပြထားပေသည်။

ဤပါဠိသဒ္ဒါသင်နည်းတွင် အရေးကြီးသော အချက်တရပ်မှာ လေ့ကျင့်ခန်းများ ကျေကျေညက်ညက်ပြုလုပ်ရန် ဖြစ်၏၊ ရှေးသင် နည်းတွင် အာဂုံအရကျက်ပြီး မမေ့အောင် နေ့စဉ်စာပြန်ရသည့် အလုပ်သည် ပဓာနလုပ်ငန်းဖြစ်သကဲ့သို့ ဤသင်နည်းသစ်တွင်ကား လေ့ကျင့်ခန်းဖြင့် လေ့ကျင့်ခြင်းသည် အဓိကဖြစ်ပေသည်၊ သို့ဖြစ်၍ စာသင်သားများအနေဖြင့်ဤစာအုပ်တွင် တိုက်ရိုက်ဖော်ပြထားသော လေ့ကျင့်ခန်းများကိုဖြစ်စေ၊ ဆရာများကပေးသော လေ့ကျင့်ခန်း များကိုဖြစ်စေ ဂရုတစိုက်လေ့လာကြရန် ဖြစ်ပေသည်။

နှစ်ဖက်လှ ဦးကျော်လွင်

ဥပဋ္ဌမ္ဘက

ပညာရေးအဖွဲ့ငယ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့။

ပထမငယ်တန်း

# ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အခန်း (၁)

### အက္ခရာအကြောင်း

#### အက္ခရာမည်ပုံ

ပြောဆိုရေးသား၍ မကုန်ခန်းနိုင်သောကြောင့် အက္ခရာမည်၏။ တနည်း – ကြမ်းတမ်းခက်မာခြင်း သဘောမရှိ၊ နူးညံ့ပျော့ပျောင်းခြင်း သဘောရှိသောကြောင့် အက္ခရာမည်၏။

တနည်း – ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးအားဖြင့် မပျက်စီးနိုင်သောကြောင့် အက္ခရာမည်၏။

#### ဝဏ္ဏမည်ပုံ

အနက်အဓိပ္ပာယ်တို့ကို ဖွင့်လှစ်ဖော်ပြတတ်သောကြောင့် ဝဏ္ဏမည်၏။

#### အက္ခရာအရေအတွက်

အက္ခရာတို့သည် –

အ အာ ဣ ဤ ဥ ဦ ဧ ဩ၊

က ခ ဂ ဃ င၊

## ပထမငယ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း

စ ဆ ဇ ဈ ဉ၊

ဋ ဌ ဍ ဎ ဏ၊

တ ထ ဒ ဓ န၊

ပ ဖ ဗ ဘ မ၊

ယ ရ လ ဝ သ ဟ ဠ အံ-

အားဖြင့် လေးဆယ့်တပါး အပြားရှိကုန်၏။

### အက္ခရာခွဲပုံ

### နိဿယနှင့် နိဿိတ အက္ခရာ

အ အာ ဣ ဤ ဥ ဦ ဧ ဩ ဟူသော ရှစ်လုံးသောအက္ခရာတို့သည် ဗျည်းတို့၏ မှီရာဖြစ်သောကြောင့် နိဿယအက္ခရာမည်ကုန်၏။

'က'အစ 'အံ' (နိဂ္ဂဟိတ်) အဆုံးရှိသော သုံးဆယ့်သုံးလုံးသော အက္ခရာတို့သည် သရကိုအမှီပြု၍ ဖြစ်သောကြောင့် နိဿိတ အက္ခရာမည်ကုန်၏။

### ကေဇအက္ခရာနှင့် ဒွိဇအက္ခရာ

ဧ, ဩ, ဝ အက္ခရာသုံးလုံးမှတပါး သုံးဆယ့်ရှစ်လုံးသော အက္ခရာတို့သည် အက္ခရာဖြစ်ထွန်းပေါ်ပေါက်ရာ အရပ်ဌာန (ဌာန်) တပါး၌သာ ဖြစ်သောကြောင့် ကေဇ အက္ခရာမည်ကုန်၏။

ဧ, ဩ, ဝ အက္ခရာသုံးလုံးတို့သည် အက္ခရာဖြစ်ထွန်းပေါ်ပေါက်ရာ အရပ်ဌာန (ဌာန်)နှစ်ပါး၌ ဖြစ်သောကြောင့် ဒွိဇအက္ခရာမည်ကုန်၏။

ထိုဒွိဇအက္ခရာသုံးလုံးတို့တွင်–

ဧ အက္ခရာသည် လည်ချောင်းအရပ်နှင့် အာစောက်အရပ်နှစ်ပါး၌ ဖြစ်သောကြောင့် ဒွိဇအက္ခရာမည်၏။

ဩ အက္ခရာသည် လည်ချောင်းအရပ်နှင့် နှုတ်ခမ်းအရပ်နှစ်ပါး၌ ဖြစ်သောကြောင့် ဒွိဇအက္ခရာမည်၏။

ဝ အက္ခရာသည် သွားအရပ်နှင့် နှုတ်ခမ်းအရပ်နှစ်ပါး၌ ဖြစ်သောကြောင့် ဒွိဇအက္ခရာမည်၏။

## သရအကြောင်း

### သရမည်ပုံ

တပါးသောအက္ခရာကို မမှီမူ၍ မိမိချည်းသက်သက် အသံထွက်အောင်လည်း ရွတ်ဆိုနိုင်, အနက်ကိုလည်း ဟောပြနိုင်သောကြောင့် သရမည်၏။

တနည်း– သရကို အမှီရမှသာ အသံထွက်အောင်လည်း ရွတ်ဆိုနိုင်, အနက်ကိုလည်းဟောပြနိုင်သော ဗျည်းတို့ကို ဖြစ်စေနိုင်သောကြောင့် သရမည်၏။

### သရအရေအတွက်

လေးဆယ့်တလုံးသော အက္ခရာတို့တွင် သရတို့သည် အ အာ ဣ ဤ ဥ ဦ ဧ ဩ အားဖြင့် ရှစ်ပါး အပြားရှိကုန်၏။

# ပထမငယ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း

## သရသင်္ကေတ

ဗျည်းအက္ခရာတို့နှင့် တွဲရမည့်သရတို့၏ သင်္ကေတသည် အောက်ပါ အတိုင်းဖြစ်၏။

သရ　　=အ။အာ။ဣ။ဤ။ဥ။ဦ။ဧ။ဩ။

သင်္ကေတ= —။ —ာ(—ါ)။—ိ။—ီ။—ု။—ူ။ေ—။ေ—ာ။

## ရဿသရမည်ပုံ

ရွတ်ဆိုသောအခါအသံတိုတောင်းသောကာလ၌ယှဉ်သောကြောင့် ရဿမည်၏။

တနည်း—တိုတောင်းသော အသံဖြင့် ရွတ်ဆိုအပ်သောကြောင့် ရဿမည်၏။

## ရဿသရအရေအတွက်

ထိုရှစ်ပါးသောသရတို့တွင် ရဿသရတို့သည် အ၊ ဣ၊ ဥ အားဖြင့် သုံးပါးအပြားရှိကုန်၏။

## ဒီဃသရမည်ပုံ

ရွတ်ဆိုသောအခါ အသံရှည်လျားသောကာလ၌ ယှဉ်သောကြောင့် ဒီဃမည်၏။

တနည်း— ရှည်လျားသောအသံဖြင့် ရွတ်ဆို အပ်သောကြောင့် ဒီဃမည်၏။

## ဒီဃသရအရေအတွက်

ထိုရှစ်ပါးသော သရတို့တွင် ဒီဃသရတို့သည် အာ၊ ဤ၊ ဦ၊ ဧ၊ ဩ အားဖြင့် ငါးပါးအပြားရှိကုန်၏။

## နှင့်သြ ရွတ်ဖတ်နည်း

ထိုငါးပါးသောသရတို့တွင် ဧထွေး၊ သေယျော၊ သြဒွော၊ သောတ္ထိ စသော ပြယုဂ်ပုံစံတို့၌ သံယုဂ်အက္ခရာ၏ ရှေ့၌ဖြစ်သော သေရနှင့် သြသရတို့ကို ရဿသံဖြင့် ရွတ်ဆိုရမည်။

နောက်၌ သံယုဂ်မရှိသော သေရနှင့် သြသရတို့ကို ဒီဃသံဖြင့် ရွတ်ဆိုရမည်။

## ဂရုနှင့် လဟု

အသံလေးလေးပင်ပင် ရွတ်ဆိုရသောကြောင့် ဂရုမည်၏။ ဂရု မည်ကောင်းသော အက္ခရာများကား အာ ဤ ဦ ဧ သြ ဟူသော ငါးလုံးသော ဒီဃသရ၊ သံယုဂ်အက္ခရာ၏ ရှေ့၌ရှိသော အ ဣ ဥ ဟူသော သုံးလုံးသောသရနှင့်, နောက်၌ နိဂ္ဂဟိတ် ရှိသော အ ဣ ဥ ဟူသော သုံးလုံးသော သရတို့ ဖြစ်၏။

အသံ ပေါ့ပေါ့တန်တန် ရွတ်ဆိုရသောကြောင့် လဟုမည်၏။ လဟု မည်ကောင်းသော အက္ခရာများကား အ ဣ ဥ တို့ ဖြစ်၏။

## သဝဏ္ဏနှင့် အသဝဏ္ဏ

အ အာဟူသော အဝဏ်နှစ်လုံး၊ ဣ ဤဟူသော ဣဝဏ်နှစ်လုံး၊ ဥဦ ဟူသော ဥဝဏ်နှစ်လုံးအားဖြင့် ဤခြောက်လုံးသောသရတို့သည် တူညီ သော ဌာန်ရှိသောကြောင့် သဝဏ္ဏသရ မည်ကုန်၏။

ထိုခြောက်ပါးသော သရတို့တွင်—

အ အာဟူသော အဝဏ်နှစ်လုံးသည် လည်ချောင်းအရပ်=ကဏ္ဌ ဌာန်၌ ဖြစ်၏။ ဣဤဟူသော ဣဝဏ်နှစ်လုံးသည် အာစောက်အရပ်= တာလုဌာန်၌ ဖြစ်၏။ ဥ ဦဟူသော ဥဝဏ်နှစ်လုံးသည် နှုတ်ခမ်းအရပ် =သြဋ္ဌဌာန်၌ ဖြစ်၏။

ဧနှင့်ဩတို့သည် တူညီသောဌာန် မရှိသောကြောင့် အသဝဏ္ဏသရ မည်ကုန်၏။

ထိုနှစ်ပါးသော သရတို့တွင်–

ဧသည် လည်ချောင်းနှင့် အာစောက်အရပ်=ကဏ္ဌတာလုဌာန် ၌ ဖြစ်၏။

ဩသည် လည်ချောင်းနှင့် နှုတ်ခမ်းအရပ်=ကဏ္ဌဩဋ္ဌဌာန် ၌ ဖြစ်၏။

## သရူပနှင့်အသရူပ

အဝဏ်နှစ်လုံး ဣဝဏ်နှစ်လုံး ဥဝဏ်နှစ်လုံးအားဖြင့် ဤခြောက်လုံးသော သရတို့သည် ဖြစ်ရာအရပ်=ဌာန် တူညီသော သဘောရှိသောကြောင့် သရူပမည်ကုန်၏။

အဝဏ်နှစ်လုံးသည် ကြွင်းသော သရခြောက်လုံးတို့နှင့် ဖြစ်ရာအရပ်=ဌာန် တူညီသော သဘော မရှိသောကြောင့် အသရူပသရ မည်၏။

ထို့အတူ ဣဝဏ်နှစ်လုံးသည် ကြွင်းသော သရခြောက်လုံးတို့နှင့် ဖြစ်ရာအရပ်=ဌာန် တူညီသော သဘော မရှိသောကြောင့် အသရူပ သရမည်၏။

ဥဝဏ်နှစ်လုံးသည် ကြွင်းသော သရခြောက်လုံးတို့နှင့် ဖြစ်ရာအရပ် =ဌာန် တူညီသော သဘော မရှိသောကြောင့် အသရူပသရ မည်၏။

ဧသည် လည်ချောင်းနှင့် အာစောက်အရပ်၌ဖြစ်၍ သရရှစ်လုံးတို့နှင့် ဖြစ်ရာအရပ်=ဌာန်တူညီသောသဘော မရှိသောကြောင့် အသရူပ သရမည်၏။

## ဗျည်းအရေအတွက်နှင့် သင်္ကေတ

ဤသည် လည်းချောင်းနှင့် နှုတ်ခမ်းအရပ်၌ဖြစ်၍ သရရှစ်လုံးတို့နှင့် ဖြစ်ရာအရပ်=ဌာန် တူညီသော သဘော မရှိသောကြောင့် အသရှုပ သရမည်၏။

### လေ့ကျင့်ခန်း

၁။ အောက်ပါတို့၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

(က) အက္ခရာ (ခ) ပဏ္ဍာ (ဂ) သရ (ဃ) ဒီဃ (င) ရဿ

၂။ အက္ခရာ(၄၁)လုံးတို့တွင် ဒွိဇ အက္ခရာများကို ဖော်ပြပါ။ ယင်း ဒွိဇ အက္ခရာများ၏ ဒွိဇအမည်ရခြင်း အကြောင်းကိုလည်း အသီးအသီး ခွဲခြားရေးပါ။

၃။ အောက်ပါတို့၏ အရကို ဖော်ပြပါ။

(က) ဂရု (ခ) လဟု (ဂ) သဝဏ္ဏ (ဃ) အသဝဏ္ဏ (င) သရှုပ (စ) အသရှုပ။

---

### ဗျည်းအကြောင်း

### ဗျည်းမည်ပုံ

သုံးဆယ့်သုံးလုံးသော အက္ခရာတို့သည် သရကိုမှီ၍သာ အထူးထူး အပြားပြားသော အနက်ကို ပြတတ်သောကြောင့် ဗျည်းမည်ကုန်၏။

### ဗျည်း အရေအတွက်နှင့် သင်္ကေတ

ဗျည်းတို့သည် –

က်၊ ခ်၊ ဂ်၊ ဃ်၊ င်၊

စ်၊ ဆ်၊ ဇ်၊ ဈ်၊ ဉ်၊

# ပထမငယ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း

ဋ်၊ ဌ်၊ ဍ်၊ ဎ်၊ ဏ်၊

တ်၊ ထ်၊ ဒ်၊ ဓ်၊ န်၊

ပ်၊ ဖ်၊ ဗ်၊ ဘ်၊ မ်၊

ယ်၊ ရ်၊ လ်၊ ဝ်၊ သ်၊ ဟ်၊ ဠ်၊ —ံ (နိဂ္ဂဟိတ်)

အားဖြင့် သုံးဆယ့်သုံးလုံးရှိကုန်၏။

## ဝဂ်ဗျည်းနှင့် အဝဂ်ဗျည်း

**သုံးဆယ့်**သုံးလုံးသောဗျည်းတို့တွင် က-အစ မ-အဆုံး နှစ်ဆယ့်ငါးလုံးသော ဗျည်းတို့သည် ဖြစ်ရာဌာန် တူသည်၏ အစွမ်းဖြင့် ငါးဖို့ ငါးဖို့ အားဖြင့် ဖြစ်တတ်သောကြောင့် ဝဂ်ဗျည်း မည်ကုန်၏။

ထိုတွင် —

**ကခဂဃင** သည် ကဝဂ် (ကအက္ခရာခေါင်းဆောင်သောအက္ခရာစု)

စဆဇဈည သည် စဝဂ် (စအက္ခရာခေါင်းဆောင်သောအက္ခရာစု)

ဋဌဍဎဏ သည် ဋဝဂ် (ဋအက္ခရာခေါင်းဆောင်သောအက္ခရာစု)

တထဒဓန သည် တဝဂ် (တအက္ခရာခေါင်းဆောင်သောအက္ခရာစု)

ပဖဗဘမ သည် ပဝဂ် (ပအက္ခရာခေါင်းဆောင်သောအက္ခရာစု)

ယ အစ နိဂ္ဂဟိတ် အဆုံးရှိသော ရှစ်လုံးသော ဗျည်းတို့သည် ဖြစ်ရာဌာန် မတူသည်၏ အစွမ်းဖြင့် အစိတ်အစိတ် ဖြစ်သောကြောင့် အဝဂ်မည်ကုန်၏။ ယ ရ လ ဝ သ ဟ ဠ အံ-ဤရှစ်လုံးသည် အဝဂ် ပေတည်း။

## ဃောသနှင့် အဃောသ

သုံးဆယ့်သုံးလုံးသော ဗျည်းတို့တွင် –

ဂ, ဃ, င, ဇ, ဈ, ဉ, ဍ, ဎ, ဏ, ဒ, ဓ, န, ဗ, ဘ, မ, ယ, ရ, လ, ဝ, ဟ, ဠ ဟူသော နှစ်ဆယ့်တလုံးသော ဗျည်းတို့သည် ပင်ကိုသဘာဝအားဖြင့် ပြင်းပြင်းရွတ်ဆိုအပ်သော အသံရှိသောကြောင့် ဃောသဗျည်း မည်ကုန်၏။

က, ခ, စ, ဆ, ဋ, ဌ, တ, ထ, ပ, ဖ, သ ဟူသော တဆယ့်တလုံးသော ဗျည်းတို့သည် ပင်ကိုသဘာဝအားဖြင့် ပျော့ပျော့ ရွတ်ဆိုအပ်သော အသံရှိသောကြောင့် အဃောသဗျည်း မည်ကုန်၏။

## သိထိလနှင့် ဓနိတ

လျော့လျော့မှန်မှန် ရွတ်အပ်သောကြောင့် သိထိလမည်၏။

သိထိလအက္ခရာများကား –

ကဂင၊ စဇည၊ ဋဍဏ၊ တဒန၊ ပဗမ၊ ယရလဝသဟဠ – (နိဂ္ဂဟိတ်) အားဖြင့် နှစ်ဆယ့်သုံးလုံးရှိ၏။

ရှိုးရှိုးမှန်မှန် အသံထက်တင်း ခပ်ပြင်းပြင်း ရွတ်အပ်သောကြောင့် ဓနိတအက္ခရာမည်၏။

ဓနိတအက္ခရာများကား –

ခ,ဃ,ဆ,ဈ,ဌ,ဎ,ထ,ဓ,ဖ,ဘ အားဖြင့် ဆယ်လုံးရှိ၏။

## ပုဗ္ဗာသယနှင့် ပရာသယ

သုံးဆယ့်သုံးလုံးသော ဗျည်းတို့တွင် နိဂ္ဂဟိတ် (–ံ) ဗျည်းသည် မှီရာသရ ရှေးရှိသောကြောင့် ပုဗ္ဗာသယဗျည်း မည်၏။

က-အစ ဌ-အဆုံး သုံးဆယ့်နှစ်လုံးသော ဗျည်းတို့သည် မိုရာသရ နောက်ရှိသောကြောင့် ပရာသယဗျည်း မည်ကုန်၏။

## နိဂ္ဂဟိတ်

ရဿသရသုံးလုံးကို အမှီပြု၍ နှာခေါင်းသံဖြင့် ရွတ်ဆိုအပ်သော ကြောင့် အပြောက် (အစက်, အလုံး)သည် နိဂ္ဂဟိတ်မည်၏။

တနည်းကား –

နိဂ္ဂဟိတ်၏ မှီရာအက္ခရာ၏ ဌာန်ကရိုဏ်းကို အမှီပြု၍ နှာခေါင်းသံ ဖြင့် ရွတ်ဆိုအပ်သော အပြောက် (အစက်,အလုံး)သည် နိဂ္ဂဟိတ် မည်၏။

## လေ့ကျင့်ခန်း

၁။ ဗျည်းအဓိပ္ပာယ်နှင့် ဗျည်းအရေအတွက်ကို ရေးပါ။

၂။ အောက်ပါတို့၏ အဓိပ္ပာယ်ကို ရေးပါ။

(က)ဝဂ်ဗျည်း(ခ)အဝဂ်ဗျည်း (ဂ)ဃောသ(ဃ)အဃောသ

၃။ အောက်ပါတို့၏ အရေအတွက်ကို ဖော်ပြပါ။

(က) သိထိလ (ခ) ဓနိတ (ဂ) ပုဗ္ဗာသယဗျည်း (ဃ)ပရာသယဗျည်း။

၄။ နိဂ္ဂဟိတ် မည်ခြင်း၏ အကြောင်းကို ရေးပါ။

## မတြာအကြောင်း

### မတြာမည်ပုံ

အက္ခရာရွတ်ဖတ်ရာကာလ၏ အရှည်အတို အတိုင်းအရှည် ပမာဏကို ပြဆိုတတ်သောကြောင့် မတြာမည်၏။

### ရဿသရမတြာ

အ ဣ ဥ ဟူသော သုံးလုံးသော ရဿသရတို့သည် လက်ဖျစ်တတွက် လျှပ်တပြက် မျက်စိတမှိတ်ဟု ဆိုအပ်သော ပေါ့သော လျင်မြန်သော တမတြာကာလ ရှိကုန်၏။

### ဒီဃသရမတြာ

အာ ဤ ဦ ဧ ဩ ဟူသော ငါးလုံးသော ဒီဃသရတို့သည် လက်ဖျစ်နှစ်တွက် လျှပ်နှစ်ပြက် မျက်စိနှစ်မှိတ်ဟု ဆိုအပ်သော လေးသော နှေးသော နှစ်မတြာကာလ ရှိကုန်၏။

### ဗျဉ္ဇနမတြာ

သရမဖက် ဗျည်းသက်သက်တို့သည်ကား မြွေပါ၏ အသံကဲ့သို့ မတြာဝက် မတြာတစိတ်ခန့် ကာလရှိကုန်၏။

### ဗျဉ္ဇနသရမိဿကမတြာ

ရဿသရနှင့် တွဲစပ်သော ဗျည်းတို့သည် တမတြာခွဲကာလ ရှိကြကုန်၏။

ဒီဃသရနှင့် တွဲစပ်သော ဗျည်းတို့သည် နှစ်မတြာခွဲကာလ ရှိကြကုန်၏။

အဝေးကိုလှမ်း၍ ဟစ်အော်ခေါ်သော အခါ၌လည်းကောင်း၊

ဖွဲ့နွဲ့သံချို သီဆိုကျူးရင့်သော အခါ၌လည်းကောင်း၊

ကျူကျူဖွဲ့ဆို ငိုယိုသောအခါ၌လည်းကောင်း၊

လိုအင်ဆန္ဒ မပြည့်ဝ၍ ညည်းတွားသောအခါ၌ လည်းကောင်း အသုံးပြုသော ပလုတအက္ခရာသည် သုံးမတြာ သုံးမတြာထက် လွန်သောကာလရှိ၏။

## လေ့ကျင့်ခန်း

၁။ မတြာအဓိပ္ပာယ်ကို ရေးပါ။

၂။ အောက်ပါတို့၏ အချိန်ကာလကို ဖော်ပြပါ။

(က) ရဿသရမတြာ (ခ) ဒီဃသရမတြာ (ဂ) ဗျည်းမတြာ။

၃။ မည်သည့်အခါမျိုး၌ ပလုတအက္ခရာဖြစ်ပါသနည်း၊ ၎င်းပလုတ အက္ခရာများ၏ မတြာကိုလည်း ဖော်ပြပါ။

# အခန်း (၂)

## သန္ဓိအကြောင်း

### သန္ဓိမည်ပုံ

လက်သမားသည် ပျဉ်နှစ်ချပ်ကို အကြားမမြင်ရအောင် စပ်သကဲ့သို့ ပုဒ်နှစ်ပုဒ်တို့၏ အကြားကို မမြင်ရအောင် စပ်အပ်သောကြောင့် သန္ဓိမည်၏။

သန္ဓိစပ်ခြင်း အကျိုးများကား–

ရွတ်ဆိုရာ၌ လွယ်ကူစေခြင်း အကျိုး၊
ကြားနာရာ၌ သာယာ နာပျော်ဖွယ် ဖြစ်ခြင်း အကျိုးတို့ ဖြစ်၏။

ပုံစံ—

သဒ္ဒါ+ဣဓ ဟူသောပုဒ်နှစ်ပုဒ်ကို သဒ္ဒေဓဟု ပေါင်းစပ်သောအခါ ရွတ်ဆိုရာ၌လည်း လွယ်ကူ၊ ကြားနာရာ၌လည်း သာယာနာပျော်ဖွယ် ဖြစ်ပါသည်။ ဤသို့သော အကျိုးကို မျှော်ကိုး၍ ပုဒ်နှစ်ပုဒ်တို့ကို ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။

### သန္ဓိအမျိုးအစား

သန္ဓိသည် သရသန္ဓိ, ဗျဉ္ဇနသန္ဓိ, နိဂ္ဂဟိတသန္ဓိဟူ၍ သုံးမျိုးသုံးစား သုံးပါး အပြားရှိ၏။

ထိုသုံးပါးတို့တွင် ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏ အစသရ တွေ့ဆုံသောအခါ ပေါင်းစပ်သော သန္ဓိသည် သရသန္ဓိမည်၏။

ပုံစံ—

"သဒ္ဒါ+ဣဓ"၌ ရှေ့ပုဒ်၏အဆုံး "အာ" သရနှင့် နောက်ပုဒ်၏ အစ "ဣ"သရ တွေ့ဆုံသောအခါ သန္ဓိစီရင်နည်းအရ ပေါင်းစပ်ထားသောကြောင့် "သဒ္ဒေဓ"ဟု ဖြစ်၏။

ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏ အစဗျည်းတို့ တွေ့ဆုံသောအခါ ပေါင်းစပ်သော သန္ဓိသည် ဗျဉ္ဇနသန္ဓိ မည်၏။

ပုံစံ—

"ပရာ+ကမော"၌ ရှေ့ပုဒ်၏ အဆုံး အာသရနှင့် နောက်ပုဒ်၏ အစဖြစ်သော "က ဗျည်း" တွေ့ဆုံသောအခါ သန္ဓိစီရင်နည်းအရ ပေါင်းစပ်ထားသောကြောင့် "ပရက္ကမော"ဟု ဖြစ်၏။

ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစသရ တွေ့ဆုံသော အခါ၌လည်းကောင်း၊ ရှေ့ပုဒ်၏ အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစဗျည်းတွေ့ဆုံသောအခါ၌လည်းကောင်း ပေါင်းစပ်သောသန္ဓိသည် နိဂ္ဂဟိတသန္ဓိ မည်၏။

ပုံစံ ၁—

"တံ+အတ္ထံ"၌ ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ "အ" သရ တွေ့ဆုံသောအခါ သန္ဓိစီရင်နည်းအရ ပေါင်းစပ်ထားသော ကြောင့် "တမတ္ထံ"ဟု ဖြစ်၏။

ပုံစံ ၂—

"သံ+မတော"၌ ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစ "မ"ဗျည်း တွေ့ဆုံသောအခါ သန္ဓိစီရင်နည်းအရ ပေါင်းစပ်ထား သောကြောင့် "သမ္မတော"ဟု ဖြစ်၏။

## သရသန္ဓိစည်းမျဉ်းနှင့် ပုံစံများ

ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏ အစသရတို့ တွေ့ဆုံသော အခါ သန္ဓိစီရင်နည်းအရ ပေါင်းစပ်သော သန္ဓိသည် သရသန္ဓိမည်၏။ သရသန္ဓိစီရင်နည်းမှာ အောက်ပါအတိုင်းဖြစ်၏။

ရှေ့ပုဒ်၏အဆုံးသရနှင့် နောက်ပုဒ်၏အစသရတို့တွေ့ဆုံသောအခါ—

(က) ရှေ့သရကိုချေရ၏၊

(ခ) နောက်သရကို ချေရ၏၊

(ဂ) ရှေ့သရကိုချေပြီး နောက်သရကိုရံခါဒီဃ=သရရှည်ပြုရ၏၊

(ဃ) ရှေ့သရကိုချေပြီး နောက်သရကို ရံခါ ဝုဒ္ဓိ=ဧဩ ပြုရ၏၊

(င) နောက်သရကိုချေပြီး ရှေ့သရကိုရံခါဒီဃ=သရရှည်ပြုရ၏၊

(စ) အသရ၏ရှေ့၌ ဣ,ဤနှင့် ဧသရတို့ ရှိခဲ့သော် ဣ, ဤနှင့် ဧသရတို့ကို ရံခါ ယ(-ျ)ပြုရ၏၊

(ဆ) အ,အာနှင့် ဧသရတို့၏ရှေ့၌ ဩ, ဥသရတို့ ရှိခဲ့သော် ဩ, ဥသရတို့ကို "ဝ" ပြုရ၏၊

(ဇ) သရ၏ရှေ့၌ အဘိ,ပတိ,ဣတိသဒ္ဒါ ရှိခဲ့သော် အတိ,ပတိ, ဣတိသဒ္ဒါတို့မှ "တိ" ကို "စ" ပြုရ၏၊

(ဈ) သရ၏ရှေ့၌ အဘိ,အဓိသဒ္ဒါ ရှိခဲ့သော် အဘိကို အဗ္ဘ,အဓိ ကို အဇ္ဈ ရံခါ ပြုရ၏၊

(ည) သရနှစ်လုံး၏ အကြား၌ ရံခါ ယ,ဝ,မ,ဒ,န,တ,ရ,လ,ဟ ဗျည်းများ ထည့်သွင်းရ၏၊

(က) ရှေ့ပုဒ်၏အဆုံးသရနှင့် နောက်ပုဒ်၏အစသရတို့ တွေ့ဆုံသောအခါ ရှေ့သရကို ချေရ၏။

ပုံစံများ—

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| ရူပ | အာယတနံ | ရူပါယတနံ | (အ – အာ) |
| အဝိဇ္ဇာ | အာသဝေါ | အဝိဇ္ဇာသဝေါ | (အာ- အာ) |
| အဇ္ဇ | ဥပေါသထော | အဇ္ဇုပေါသထော | (အ – ဥ) |
| ယဿ | ဣန္ဒြိယာနိ | ယဿိန္ဒြိယာနိ | (အ – ဣ) |
| ဘိက္ခုနီ | ဩဝါဒေါ | ဘိက္ခုနောဝါဒေါ | (ဤ – ဩ) |
| မုနိ | ဣန္ဒော | မုနိန္ဒော | (ဣ – ဣ) |
| ဣတ္ထီ | ဣန္ဒြိယံ | ဣတ္ထိန္ဒြိယံ | (ဤ – ဣ) |

(ခ) ရှေ့ပုဒ်၏အဆုံးသရနှင့် နောက်ပုဒ်၏အစသရတို့တွေ့ဆုံသော အခါ နောက်သရကို ချေရ၏။

ပုံစံများ—

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| ဝန္ဒေ | အဟံ | ဝန္ဒေဟံ | (ဧ – အ) |
| သော | အဟံ | သောဟံ | (ဩ – အ) |
| ဆာယာ | ဣဝ | ဆာယာဝ | (အာ – ဣ) |
| စက္ခု | ဣန္ဒြိယံ | စက္ခုန္ဒြိယံ | (ဥ – ဣ) |
| စတ္တာရော | ဣမေ | စတ္တာရောမေ | (ဩ – ဣ) |

(ဂ) ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏ အစသရတို့ တွေ့ဆုံသောအခါ ရှေ့သရကိုချေပြီး နောက်သရကို ရုံခါ ဒီဃ=သရရှည် ပြုရ၏။

**ပုံစံများ—**

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| ဗုဒ္ဓ | အနုဿတိ | ဗုဒ္ဓါနုဿတိ | (အ—အ—အာ) |
| အတိ | ဣတော | အတီတော | (ဣ—ဣ—ဤ) |
| ဗဟု | ဥပကာရံ | ဗဟူပကာရံ | (ဥ—ဥ—ဦ) |
| သဒ္ဓါ | ဣမ | သဒ္ဓီမ | (အာ—ဣ—ဤ) |
| တထာ | ဥပမံ | တထူပမံ | (အာ—ဥ—ဦ) |

(ဃ) ရှေ့ပုဒ်၏အဆုံးသရနှင့် နောက်ပုဒ်၏ အစသရတို့ တွေ့ဆုံသောအခါ ရှေ့သရကိုချေပြီး နောက်သရကို ရုံခါ ဝုဒ္ဓိ(ဧ,ဩ)ပြုရ၏။

**ပုံစံများ—**

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| ဗန္ဓုဿ | ဣဝ | ဗန္ဓုဿေဝ | (အ—ဣ—ဧ) |
| ဥပ | ဣက္ခတိ | ဥပေက္ခတိ | (အ—ဣ—ဧ) |
| ဥပ | ဣတော | ဥပေတော | (အ—ဣ—ဧ) |
| ဇိန | ဤရိတံ | ဇိနေရိတံ | (အ—ဤ—ဧ) |

| | | | |
|---|---|---|---|
| စန္ဒ | ဥဒယော | စန္ဒောဒယော | (အ–ဥ–ဩ) |
| ယထာ | ဥဒကေ | ယထောဒကေ | (အာ–ဥ–ဩ) |

(င) ရှေ့ပုဒ်၏အဆုံးသရနှင့်နောက်ပုဒ်၏အစသရတို့တွေ့ဆုံသော အခါ နောက်သရကို ချေပြီး ရှေ့သရကို ရံခါ ဒီဃ=သရရှည် ပြုရ၏။

ပုံစံများ –

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| ဒေဝ | ဣတိ | ဒေဝါတိ | (အာ–အ–ဣ) |
| ဝိ | အဘိပတန္တိ | ဝီတိပတန္တိ | (ဤ–ဣ–အ) |
| ဇီဝိတဟေတု | အပိ | ဇီဝိတဟေတူပိ | (ဦ–ဥ–အ) |
| ဝိဇ္ဇု | ဣဝ | ဝိဇ္ဇူဝ | (ဦ–ဥ–ဣ) |
| ကိံသု | ဣဓ | ကိံသူဓ | (ဦ–ဥ–ဣ) |
| သာဓု | ဣတိ | သာဓူတိ | (ဦ–ဥ–ဣ) |

(စ) အသရ၏ရှေ့၌ ဣ, ဤ နှင့် သေရတို့ရှိခဲ့သော် ဣ, ဤ နှင့် သေရတို့ကို ရံခါ ယ (–ျ)ပြုရ၏။

ပုံစံများ –

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| ဝိ | အဉ္ဇနံ | ဗျဉ္ဇနံ | (ယ–ဣ–အ |

| | | | |
|---|---|---|---|
| အဂ္ဂိ | အဂါရံ | အဂ္ဂျာဂါရံ | (ယ – ဣ – အ) |
| နဒီ | အယံ | နဒျာယံ | (ယ – ဤ – အ) |
| မေ | အယံ | မျာယံ | (ယ – ဧ – အ – အာ) |
| တေ | အဟံ | တျာဟံ | (ယ – ဧ – အ – အာ) |
| ယေ | အဿ | ယျာဿ | (ယ – ဧ – အ – အာ) |

(ဆ) အ, အာ, ဧ သရတို့၏ရှေ့၌ ဩ, ဥ သရတို့ရှိခဲ့သော် ဩ, ဥ သရတို့ကို "ဝ" ပြုရ၏။

**ပုံစံများ–**

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| ကော | အတ္ထော | ကွတ္ထော | (ဝ – ဩ – အ) |
| ယော | အယံ | ယွာယံ | (ဝ – ဩ – အ – အာ) |
| သော | အဿ | သွဿ | (ဝ – ဩ – အ) |
| သော | ဧဝ | သွေဝ | (ဝ – ဩ – ဧ) |
| အနု | အဒ္ဓမာသံ | အနွဒ္ဓမာသံ | (ဝ – ဥ – အ) |
| သု | အာဂတံ | သွာဂတံ | (ဝ – ဥ – အာ) |
| စက္ခု | အာပါထံ | စက္ခွာပါထံ | (ဝ – ဥ – အာ) |
| [illegible] | ဧဝ | နု ဝေွ | (ဝ – ဥ – ဧ) |

(၈) သရ၏ရှေ့၌ အတိ, ပတိ, ဣတိသဒ္ဒါရှိခဲ့သော် အတိ, ပတိ, ဣတိသဒ္ဒါတို့မှ "တိ" ကို "စ" ပြုရ၏။

ပုံစံများ —

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| အတိ | အန္တံ | အစ္စန္တံ | (စ – တိ – အ) |
| ပတိ | အယော | ပစ္စယော | (စ – တိ – အ) |
| ပတိ | အာဟရတိ | ပစ္စာဟရတိ | (စ – တိ – အာ) |
| ပတိ | ဧတိ | ပစ္စေတိ | (စ – တိ – ဧ) |
| ဣတိ | ဧတံ | ဣစ္စေတံ | (စ – တိ – ဧ) |
| ဣတိ | အာဒိ | ဣစ္စာဒိ | (စ – တိ – အာ) |

(၉) သရ၏ရှေ့၌ အဘိ, အဓိသဒ္ဒါရှိခဲ့သော် ရံခါ အဘိသဒ္ဒါကို အဗ္ဘ၊ အဓိသဒ္ဒါကို အဇ္ဈ ပြုရ၏။

ပုံစံများ —

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| အဘိ | ဥဂ္ဂတော | အဗ္ဘုဂ္ဂတော | (အဗ္ဘ – အဘိ – ဥ) |
| အဘိ | ဩကာသော | အဗ္ဘောကာသော | (အဗ္ဘ – အဘိ – ဩ) |
| အဓိ | အာဂမာ | အဇ္ဈာဂမာ | (အဇ္ဈ – အဓိ + အာ) |
| အဓိ | ဩဂါဟေတွာ | အဇ္ဈောဂါဟေတွာ | (အဇ္ဈ – အဓိ – ဩ) |

(ည) သရနှစ်လုံး တွေ့ဆုံသောအခါ ရံခါ ယ, ဝ, မ, ဒ, န, တ, ရ, ဠ (လ), ဟ ဗျည်းများ ထည့်သွင်းရ၏။

ပုံစံများ–

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| ယထာ | ဧဝ | ယထာယေဝ | (အာ–ဧ–ယ) |
| ပ | ဥစ္စတိ | ပဝုစ္စတိ | (အ–ဥ–ဝ) |
| လဟု | ဧသတိ | လဟုမေသတိ | (အ–ဧ–မ) |
| မနသာ | အညာ | မနသာဒညာ | (အာ–အ–ဒ) |
| ဣတော | အာယတိ | ဣတောနာယတိ | (ဩ–အာ–န) |
| ယသ္မာ | ဣဟ | ယသ္မာတိဟ | (အာ–ဣ–တ) |
| အဋ္ဌ | အင်္ဂ | အဋ္ဌဒင်္ဂ | (အ–အ–ဒ) |
| သဗ္ဘိ | ဧဝ | သဗ္ဘိရေဝ | (ဣ–ဧ–ရ) |
| ဆ | အဘိညာ | ဆဠဘိညာ | (အ–အ–ဠ) |
| သု | ဥဇု စ | သုဟုဇု စ | (ဥ–ဥ–ဟ) |

## (၄) ဗျဥ္စနသန္ဓိစည်းမျဉ်းနှင့် ပုံစံများ

ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏ အစဗျည်းတို့ တွေ့ဆုံသော အခါ ပေါင်းစပ်သော သန္ဓိသည် ဗျဥ္စနသန္ဓိမည်၏။

ဗျဉ္ဇနသန္ဓိ စီရင်နည်းမှာ အောက်ပါအတိုင်း ဖြစ်၏။

ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏ အစဗျည်းတို့ တွေ့ဆုံသောအခါ

(က) ရှေ့ပုဒ်၏ အဆုံးသရတို=ရဿ ကို သရရှည်=ဒီဃပြုရ၏။

(ခ) ရှေ့ပုဒ်၏ အဆုံး သရရှည်=ဒီဃကို သရတို=ရဿ ပြုရ၏။

(ဂ) ရှေ့ပုဒ်၏ အဆုံးသရကို ချေရ၏။

(ဃ) ဥပသာရပုဒ်နှင့် နိပါတ်ပုဒ်နောင်ရှိသော ဗျည်းကို နှစ်လုံးဆင့်=ဒွေးဘော် ပြုရ၏။ ဥပသာရပုဒ်နှင့် နိပါတ်ပုဒ်တို့သည် သရရှည်=ဒီဃ အဆုံးရှိလျှင် သရတို=ရဿ ပြုရ၏။

ပုံစံများ –

(က) ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏အစဗျည်းတို့ တွေ့ဆုံသောအခါ ရှေ့ပုဒ်၏အဆုံး သရတို=ရဿကို သရရှည်=ဒီဃ ပြုရ၏။

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| မဓုဝ | မညတိ | မဓုဝါမညတိ | (အာ – အ – မ) |
| မုနိ | စရေ | မုနီစရေ | ( ဤ – ဣ – စ ) |
| ခန္တိ | ပရမံ | ခန္တီပရမံ | ( ဤ – ဣ – ပ ) |
| သွ | က္ခာတော | သွာက္ခာတော | (အာ – အ – က္ခ) |
| ဥဒ္ဓု | စ | ဥဒ္ဓူစ | ( ဦ – ဥ – စ ) |

(ခ) ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏ အစဗျည်းတို့ တွေ့ဆုံသောအခါ ရှေ့ပုဒ်၏အဆုံး သရရှည်=ဒီဃကို သရတို=ရဿ ပြုရ၏။

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စိရင်နည်း |
|---|---|---|---|
| ယဒီဝါ | သာဝကေ | ယဒိဝသာဝကေ | (အ – အာ – သ) |
| ပုဂ္ဂလာ | ဓမ္မဒသာ | ပုဂ္ဂလဓမ္မဒသာ | (အ – အာ – ဓ) |
| ဘောဝါဒီ | နာမ | ဘောဝါဒိနာမ | (ဣ – ဤ – န) |
| ယထာဘာဝီ | ဂုဏေန | ယထာဘာဝိဂုဏေန | (ဣ – ဤ – ဂ) |

(ဂ) ရှေ့ပုဒ်ဧနှင့် ဩတို့၏ အဆုံးဩသရနှင့် နောက်ပုဒ်၏အစဗျည်းတို့တွေ့ဆုံသောအခါ ရှေ့ပုဒ် ဧနှင့်ဩတို့၏ ဩသရကို ချေ၍ အသရထည့်သွင်းရ၏။

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စိရင်နည်း |
|---|---|---|---|
| သော | ဓမ္မော | သေဓမ္မော | (ဩ – ဓ) |
| သော | ခေါ | သေခေါ | (ဩ – ခ) |
| သော | သီလဝါ | သသီလဝါ | (ဩ – သ) |
| သော | ပညဝါ | သပညဝါ | (ဩ – ပ) |

(ဃ) ဥပသာရပုဒ်နှင့် နိပါတ်ပုဒ်နောင်ရှိသော ဗျည်းကို နှစ်လုံးဆင့်ခွေးဘော်ပြုရ၏၊ ဥပသာရပုဒ်နှင့် နိပါတ်ပုဒ်တို့သည် သရရှည်=ဒီဃအဆုံးရှိလျှင် သရတို=ရဿပြုရ၏။

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| ပ | ကမော | ပက္ကမော | အက္ခရာတူသဒိသ ခွေးဘော်ပြု |
| ဝိ | ပယုတော | ဝိပ္ပယုတ္တော | ။ |
| သု | ပဋိပန္နော | သုပ္ပဋိပန္နော | ။ |
| ဥ | ဂတော | ဥဂ္ဂတော | ။ |
| ဒု | လဘ | ဒုလ္လဘ | ။ |
| ဒု | ဘိက္ခ | ဒုဗ္ဘိက္ခ | အက္ခရာမတူ အသဒိသ ခွေးဘော်ပြု |
| နိ | ဝါနံ | နိဗ္ဗာနံ | ဝ=ဗ သဒိသခွေးဘော် |
| ဥပ | ဒဝေါ | ဥပဒ္ဒဝေါ | ။ |
| အာ | ကောသတိ | အက္ကောသတိ | ဒီဃအာ-ကို ရဿအ-ပြု |
| ပရာ | ကမော | ပရက္ကမော | ။ |
| အာ | သာသော | အဿာသော | ။ |
| သမ္မာ | ပဓာနံ | သမ္မပ္ပဓာနံ | ။ |

## (၅) နိဂ္ဂဟိတသန္ဓိစည်းမျဉ်းနှင့် ပုံစံများ

ရှေ့ပုဒ်၏ အဆုံးနိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစသရ တွေ့ဆုံသော အခါ၌လည်းကောင်း၊ ရှေ့ပုဒ်၏ အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစဗျည်း တွေ့ဆုံသောအခါ၌လည်းကောင်း ပေါင်းစပ်သော သန္ဓိသည် နိဂ္ဂဟိတသန္ဓိ မည်၏။

နိဂ္ဂဟိတသန္ဓိ စီရင်နည်းမှာ အောက်ပါအတိုင်း ဖြစ်၏။

(က) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ ဝဂ်ဗျည်း တွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို ဝဂ်ဗျည်းအားလျော်စွာ င၊ဉ၊ဏ၊န၊မ ပြုရ၏။

(ခ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစ သရဗျည်း တမျိုးမျိုးတွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို ချေရ၏။

(ဂ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစ သေရနှင့် ဟဗျည်းတွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို (ဉ)ပြုရ၏။

(ဃ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ ယဗျည်း တွေ့ဆုံသောအခါ နိဂ္ဂဟိတ်နှင့် ယဗျည်းကို (ဉ) ပြုရ၏။

(င) ရှေ့ပုဒ်၏ အဆုံးနိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ သရတွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို မ,ဒ ပြုရ၏။

(စ) ရှေ့ပုဒ်၏အဆုံးနိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ သရတွေ့ဆုံသောအခါ နောက်ပုဒ်၏အစ သရကို ချေရ၏။

(ဆ) ရှေ့ပုဒ်၏ အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ ဗျည်း တွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို(—ံ)အံပြုရ၏။

**ပုံစံများ** –

(က) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ ဝဂ်ဗျည်း တွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို ဝဂ်ဗျည်းအားလျော်စွာ င၊ ဉ၊ ဏ၊ န၊ မ-ပြုရ၏။

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| တကျုံ | ကရော | တကျင်္ကရော | (င – –ံ – က) |
| တံ | ဉာဏံ | တဉ္ဉာဏံ | (ဉ – –ံ – ဉ) |
| တံ | ဌာနံ | တဏ္ဌာနံ | (ဏ – –ံ – ဌ) |
| တံ | ဒါနံ | တန္ဒာနံ | န – –ံ – ဒ) |
| တံ | ဖလံ | တမ္ဖလံ | (မ – –ံ – ဖ) |

(ခ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ သရ,ဗျည်း တမျိုးမျိုး တွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို ချေရ၏။

| ရှေ့ပုဒ် | နောက်ဝုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| တာသံ | အဟံ | တာသာဟံ | (–ံ – အ) |
| ဝိဒူနံ | အဂ္ဂံ | ဝိဒူနဂ္ဂံ | (–ံ – အ) |
| တထာဂတံ | အဟံ | တထာဂတာဟံ | (–ံ – အ) |
| အရိယသစ္စာနံ | ဒဿနံ | အရိယသစ္စာနဒဿနံ | (–ံ – ဒ) |
| တေ ဗုဒ္ဓါနံ | သာသနံ | တေ ဗုဒ္ဓါနသာသနံ | (–ံ – သ) |
| စိရံ | ပဝါသိံ | စိရပ္ပဝါသိံ | (–ံ – ပ) |

(ဂ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစ ဧသရနှင့် ဟမျဉ်းတွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို (ဉ) ပြုရ၏။

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| ပစ္စတ္တံ | ဧဝ | ပစ္စတညေဝ | (ဉ – ံ – ဧ) |
| တံ | ဧဝ | တညေဝ | (ဉ – ံ – ဧ) |
| တံ | ဟိ | တဉှိ | (ဉ – ံ – ဟ) |
| ဧဝံ | ဟိ | ဧဝဉှိ | (ဉ – ံ – ဟ) |

(ဃ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ ယမျဉ်း တွေ့ဆုံသောအခါ နိဂ္ဂဟိတ်နှင့် ယမျဉ်းကို(ဉ) ပြုရ၏။

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| သံ | ယောဂေါ | သညောဂေါ | (ဉ – ံ – ယ) |
| သံ | ယောဇနံ | သညောဇနံ | (ဉ – ံ – ယ) |
| သံ | ယတော | သညတော | (ဉ – ံ – ယ) |
| ယံ | ယဒေဝ | ယညဒေဝ | (ဉ – ံ – ယ) |

(င) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ သရတွေ့ဆုံ သောအခါ နိဂ္ဂဟိတ်ကို (မ,ဒ)ပြုရ၏။

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| တံ | အဟံ | တမဟံ | (မ – ံ – အ) |
| ယံ | အာဟု | ယမာဟု | (မ – ံ – အာ) |

| | | | |
|---|---|---|---|
| ဓနံ | ဧဝ | ဓနမေဝ | (မ— —ံ—ဧ) |
| နိဒ္ဒိတုံ | အရဟတိ | နိဒ္ဒိတုမရဟတိ | (မ— —ံ—အ) |
| ယံ | အနိစ္စံ | ယဒနိစ္စံ | (ဒ— —ံ—အ) |
| တံ | အဝေါစ | တဒဝေါစ | (ဒ— —ံ—အ) |

(စ) ရှေ့ပုဒ်၏ အဆုံးနိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစသရ တွေ့ဆုံသောအခါ နောက်ပုဒ်၏ အစသရကို ချေရ၏။

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| ကတံ | ဣတိ | ကတန္တိ | (—ံ—ဣ) |
| စက္ကံ | ဣဝ | စက္ကံဝ | (—ံ—ဣ) |
| တွံ | အသိ | တွံသိ | (—ံ—အ) |
| ဣဒံ | အပိ | ဣဒမ္ပိ | (—ံ—အ) |
| သဒိသံ | ဧဝ | သဒိသံဝ | (—ံ—ဧ) |

(ဆ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ ဗျည်း တွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို (—ံ)အံပြုရ၏။

| ရှေ့ပုဒ် | နောက်ပုဒ် | သန္ဓိပုဒ် | စီရင်နည်း |
|---|---|---|---|
| ဧဝံ | ဝုတ္တေ | ဧဝံဝုတ္တေ | (—ံ—ဝ) |
| တံ | သာဓု | တံသာဓု | (—ံ—သ) |
| ကောံ | သမယံ | ကောံသမယံ | (—ံ—သ) |

## (၆) တနည်း သန္ဓိအမျိုးအစား

သန္ဓိသည် လောပသန္ဓိ, ဒီဃသန္ဓိ, ရဿသန္ဓိ အာဒေသသန္ဓိ, ဝိကာရသန္ဓိ, ပကတိသန္ဓိ အာဂမသန္ဓိ အားဖြင့် ခုနစ်ပါးအပြားရှိ၏။

ထိုခုနစ်ပါးတို့တွင်–

(၁) အက္ခရာကျေသောသန္ဓိသည် လောပသန္ဓိ မည်၏။

ထိုလောပသန္ဓိသည်–

(က) သရလောပသန္ဓိ (သရကိုချေသော သန္ဓိ)

(ခ) ဗျဉ္ဇနလောပသန္ဓိ (ဗျည်းကိုချေသောသန္ဓိ)

(ဂ) နိဂ္ဂဟိတလောပသန္ဓိ (နိဂ္ဂဟိတ်ကိုချေသောသန္ဓိ)

အားဖြင့် သုံးပါးအပြားရှိ၏။

(၂) သရတိုကို သရရှည်ပြုသော သန္ဓိသည် ဒီဃသန္ဓိမည်၏။

ထိုဒီဃသန္ဓိသည်–

(က) ပုဗ္ဗသရဒီဃသန္ဓိ (ရှေ့သရကိုဒီဃပြုသောသန္ဓိ)

(ခ) ပရသရဒီဃသန္ဓိ (နောက်သရကို ဒီဃပြုသောသန္ဓိ)

အားဖြင့် နှစ်ပါးအပြားရှိ၏။

(၃) သရရှည်ကို သရတိုပြုသောသန္ဓိသည် ရဿသန္ဓိမည်၏။

ထိုရဿသန္ဓိသည် –

(က) သနိဒ္ဒေသ ရဿသန္ဓိ (ရှေ့၌ ကာရိယကို ပြုစီရင်ပြီး ရဿပြုသောသန္ဓိ)

(ခ) အနိဒ္ဒေသ ရဿသန္ဓိ (ရှေ့၌ ကာရိယကို မပြုမစီရင်ပဲ ရဿပြုသောသန္ဓိ)

အားဖြင့် နှစ်ပါးအပြားရှိ၏။

(၄) သရကိုဗျည်း, ဗျည်းကိုသရပြုသောသန္ဓိသည် အာဒေသသန္ဓိမည်၏။

ထိုအာဒေသသန္ဓိသည် –

(က) သရာဒေသသန္ဓိ(သရကို ဗျည်းပြုသောသန္ဓိ)
(ခ) ဗျဉ္ဇနာဒေသသန္ဓိ(ဗျည်းကို သရပြုသောသန္ဓိ)
(ဂ) နိဂ္ဂဟိတာဒေသသန္ဓိ(နိဂ္ဂဟိတ်ကို ဗျည်းပြုသောသန္ဓိ)

အားဖြင့် သုံးပါးအပြားရှိ၏။

(၅) သရကိုသရ, ဗျည်းကို ဗျည်းပြုသော သန္ဓိသည် ဝိကာရသန္ဓိမည်၏။

ထိုဝိကာရသန္ဓိသည် –

(က) သရဝိကာရသန္ဓိ (သရကို သရပြုသောသန္ဓိ)
(ခ) ဗျဉ္ဇနဝိကာရသန္ဓိ(ဗျည်းကို ဗျည်းပြုသောသန္ဓိ)

အားဖြင့် နှစ်ပါးအပြားရှိ၏။

(၆) ရှေးအတိုင်း ပကတိပြုသော သန္ဓိသည် ပကတိသန္ဓိမည်၏။

ထိုပကတိသန္ဓိသည် –

(က) သရပကတိသန္ဓိ(နောက်သရရှိရာ၌ ရှေ့သရကို ရှေးအတိုင်းထားသောသန္ဓိ)

(ခ) ဗျဉ္စနပကတိသန္ဓိ (နောက်ဗျည်းရှိရာ၌ ရှေးသရကို ရှေးအတိုင်းထားသောသန္ဓိ)

အားဖြင့် နှစ်ပါးအပြားရှိ၏။

(၇) လာသောသန္ဓိသည် အာဂမသန္ဓိမည်၏

ထိုအာဂမသန္ဓိသည်—

(က) သရာဂမသန္ဓိ (သရလာသောသန္ဓိ)

(ခ) ဗျဉ္စနာဂမသန္ဓိ(ဗျည်းလာသောသန္ဓိ)

(ဂ) နိဂ္ဂဟိတာဂမသန္ဓိ (နိဂ္ဂဟိတ်လာသောသန္ဓိ)

အားဖြင့် သုံးပါးအပြားရှိ၏။

## (၇) သန္ဓိမစပ်သင့်သောဌာန

သန္ဓိဟူသည် စပ်ချင်တိုင်းမစပ်ရ၊ သင့်လျော်သောအရာဌာန၌သာ စပ်ရမည်၊ သင့်လျော်သော အရာဌာနမဟုတ်လျှင် မစပ်ရ၊ ပင်ကို ပကတိအတိုင်းထားရမည်။

သန္ဓိမစပ်သင့်သော ဌာနများမှာ–

(က) ဆန်းဂိုဏ်းပျက်မည်ကို စောင့်ရသောအရာဌာန၊

(ခ) အသိခက်, အရွတ်အဖတ်ခက်, အဆိုအပြောခက်သော အရာဌာန၊

(ဂ) သန္ဓိ မစပ်လိုသော အရာဌာန–

တို့ဖြစ်သည်။

ပုံစံ (က) သိဥ္စ ဘိက္ခု ဣမံ နာဝံ၊
(ခ) ဂါထာ အဇ္ဈဘာသိ၊
(ဂ) ကော ဣမံ ပထဝိံ၊

## လေ့ကျင့်ခန်း

၁။ သန္ဓိအဓိပ္ပာယ်ကို ဥပမာနှင့်တကွ ဖော်ပြ၍ သန္ဓိစပ်ခြင်း အကျိုး များကို ရေးပါ။

၂။ သရသန္ဓိ၊ ဗျဉ္ဇနသန္ဓိ၊ နိဂ္ဂဟိတသန္ဓိ မည်ပုံကို ပုံစံနှင့်တကွရှင်းပြပါ။

၃။ သရသန္ဓိ၏စည်းမျဉ်းများကို ဖော်ပြပါ။

၄။ အောက်ပါတို့ကို ရှေ့ပုဒ်နောက်ပုဒ်ခွဲ၍ သန္ဓိအမည်ပေးပါ။

ရူပါယတနံ၊ စက္ခုန္ဒြိယံ၊ ဗုဒ္ဓါနုဿတိ၊ ပစ္စယော၊ ပဝုစ္စတိ သွာက္ခာတော၊ သဒ္ဓီလဝ၊ ဒုလ္လဘံ၊ တဏှက်ရော၊ အရိယသစ္စာန ဒဿနံ၊ သညောဇနံ၊ တေဒဝေါစ၊ သင်္ဂဟံ၊ ကော်သမယံ။

၅။ သန္ဓိမစပ်သင့်သော ဌာနများကို ဖော်ပြပါ။

# အခန်း (၃)

## (က) ကာရန်အကြောင်း

### ကာရန်မည်ပုံ

တည်သောအခါ၌ ဖြစ်စေ၊ ပြီးသောအခါ၌ဖြစ်စေ အ အာ ဣ ဤ ဥ ဦ ေ ဩ နှင့် နိဂ္ဂဟိတ်(–ံ) ဟူသော အက္ခရာတို့တွင် တလုံးလုံး ဆုံးလျက်ရှိ၏၊ ထိုအဆုံးအက္ခရာသည် ကာရန် (ကာရန္တ)မည်၏။

### ကာရန် အမျိုးအစား

ကာရန်သည် အကာရန္တ, အာကာရန္တ, ဣကာရန္တ, ဤကာရန္တ, ဥကာရန္တ, ဦကာရန္တ, ဧကာရန္တ, ဩကာရန္တ, နိဂ္ဂဟိတန္တဟူ၍ကိုးပါး ရှိ၏။ ထိုကိုးပါးတို့တွင် –

ဗုဒ္ဓ,ဓမ္မ စသော နာမ်သည် အ-အက္ခရာ အဆုံးရှိသောကြောင့် အကာရန္တ မည်၏။

ကညာ, မာလာ စသောနာမ်သည် အာအက္ခရာ အဆုံးရှိသော ကြောင့် အာကာရန္တ မည်၏။

အဂ္ဂိ, ရတ္တိ စသော နာမ်သည် ဣအက္ခရာ အဆုံးရှိသောကြောင့် ဣကာရန္တမည်၏။

ဒဏ္ဍီ, နာရီ စသောနာမ်သည် ဤအက္ခရာအဆုံးရှိသောကြောင့် ဤကာရန္တမည်၏။

ဘိက္ခု, စက္ခု စသောနာမ်သည် ဦအက္ခရာအဆုံးရှိသောကြောင့် ဥကာရန္တမည်၏။

သယမ္ဘူ, ဇမ္ဗူစသောနာမ်သည် ဦအက္ခရာအဆုံးရှိသောကြောင့် ဦကာရန္တမည်၏။

ဘဂ္ဂေ, ဘဒ္ဒဝဂ္ဂေစသောနာမ်သည် ဧအက္ခရာအဆုံးရှိသောကြောင့် ဧကာရန္တမည်၏။

ဂေါစသောနာမ်သည် ဩအက္ခရာအဆုံးရှိသောကြောင့် ဩကာရန္တမည်၏။

ကိံ စသော နာမ်သည် နိဂ္ဂဟိတ် ( –ံ ) အဆုံးရှိသောကြောင့် နိဂ္ဂဟိတန္တမည်၏။

## (ခ) ဝုစ်နှင့် ကိန်းအကြောင်း

### ဝုစ်နှင့် ကိန်းမည်ပုံ

တခု နှစ်ခု စသည်ဖြင့် အရေအတွက်ကို ဖော်ပြခြင်းသည် ဝုစ်မည်၏၊ တနည်း ကိန်းမည်၏။

### ဝုစ်နှင့် ကိန်းအမျိုးအစား

တခု နှစ်ခု စသည်ဖြင့် အရေအတွက်ကို ဖော်ပြသော ဝုစ်သည် ဧကဝုစ်,ဗဟုဝုစ်ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် တခုတည်းသော အရေအတွက်ကို ဖော်ပြသောဝုစ်သည် ဧကဝုစ်မည်၏၊

ပြယုဂ်ကား – ပုရိသော စိတ္တံ စသည်တည်း။

ပုရိသော=ယောကျ်ား (တယောက်)သည်။
စိတ္တံ=စိတ်သည်။

တခုထက် ပိုသော အရေအတွက်ကို ဖော်ပြသော ဝုစ်သည် ဗဟုဝုစ်မည်၏။ ထိုဗဟုဝုစ်ကို (တို့၊ များ) ဟု ထည့်ပေးရ၏။

ပြယုဂ်ကား— ပုရိသာ စိတ္တာနိ စသည်တည်း။
ပုရိသာ=ယောကျ်ားတို့သည်။
စိတ္တာနိ=စိတ်တို့သည်။

## (ဂ) ဝိဘတ် အကြောင်း

### ဝိဘတ်မည်ပုံ

ကမ္မကာရကအစရှိသော အပြားနှင့် ကေဝုစ်အစရှိသော အပြားအားဖြင့် လိင်၏ အနက်ကို ဝေဖန်တတ်သောကြောင့် ဝိဘတ်မည်၏။

### အခြေခံဝိဘတ်

ဝိဘတ်သည် နာမ်ဝိဘတ်၊ အာချာတ်ဝိဘတ်—
ဟူ၍ နှစ်မျိုးရှိ၏။

### နာမ်ဝိဘတ်

ထိုနှစ်မျိုးတို့တွင် သက်ရှိ သက်မဲ့အရာဝတ္ထုကို မှည့်ခေါ်သော အမည်နာမကို ဝေဖန်စိတ်ဖြာတတ်သော ဝိဘတ်သည် နာမ်ဝိဘ[illegible] မည်၏။

ဝေဖန်ပုံကား– ပုရိသဟူသော နာမ်ပုဒ်ကို ပုရိသော, ပုရိသာ, ပုရိသံ, ပုရိသေ စသည်ဖြင့် အထူးထူးသောပုဒ်များဖြစ်အောင် ဝေဖန်တတ်၏။

နာမ်ဝိဘတ်တို့သည် နာမ်ပုဒ်၏ အနက်ကိုလည်း ဝေဖန်တတ်သေး၏။

ဝေဖန်ပုံကား–

ပုရိသ = ယောကျ်ား။ ဤယောကျ်ားဟူသောအနက်ကို အရင်းထား၍ ယောကျ်ားသည်၊ ယောကျ်ားတို့သည် ယောကျ်ားကို ယောကျ်ားတို့ကို စသည်ဖြင့် ဝေဖန်၏။

## အာချာတ်ဝိဘတ်

သွားခြင်း လာခြင်း စားခြင်း သောက်ခြင်း စသော အပြုအမူကြိယာကို ဝေဖန်စိတ်ဖြာတတ်သော ဝိဘတ်သည် အာချာတ်ဝိဘတ်မည်၏။

ဝေဖန်ပုံကား– ဂစ္ဆတိဟူသော အာချာတ်ပုဒ်ကို ဂစ္ဆတိ, ဂစ္ဆန္တိ, ဂစ္ဆသိ, ဂစ္ဆထ စသည်ဖြင့် အထူးထူးသောပုဒ်များဖြစ်အောင် ဝေဖန်တတ်၏။

အာချာတ်ဝိဘတ်တို့သည် အနက်ကိုလည်း ဝေဖန်တတ်သေး၏။

ဝေဖန်ပုံကား–

ဂမု=သွားခြင်း။ ဤသွားခြင်းဟူသောအနက်ကို အရင်းထား၍

သူသွားသည်၊ သူတို့သွားကြသည်။

သင်သွားသည်၊ သင်တို့သွားကြသည်–

စသည်ဖြင့် ဝေဖန်၏။

## ဝိဘတ်အမျိုးအစား

နာမ် ဝိဘတ်သည် ပထမာဝိဘတ်, ဒုတိယာဝိဘတ်, တတိယာ ဝိဘတ်, စတုတ္ထီဝိဘတ်, ပဉ္စမီဝိဘတ်, ဆဋ္ဌီဝိဘတ်, သတ္တမီဝိဘတ် ဟူ၍ ခုနစ်မျိုးရှိ၏။

အာချာတ်ဝိဘတ်သည် ဝတ္တမာန်ဝိဘတ်, ပဉ္စမီဝိဘတ်, သတ္တမီ ဝိဘတ်, ပရောက္ခာ ဝိဘတ်, ဟိယျတ္တနီ ဝိဘတ်, အဇ္ဇတနီ ဝိဘတ်, ဘဝိဿန္တိဝိဘတ်, ကာလာတိပတ္တိဝိဘတ်ဟူ၍ ရှစ်မျိုးရှိ၏။

## ကာရကခြောက်ပါးနှင့် အာလုပ်သာမိအကာရက

နာမ်ဝိဘတ်ခုနစ်မျိုးတို့တွင်—

ပထမာဝိဘတ်သည် ကတ္တုကာရကအနက်ကို ထွန်းပြတတ်၏။

ဒုတိယာဝိဘတ်သည် ကမ္မကာရကအနက်ကို ထွန်းပြတတ်၏။

တတိယာဝိဘတ်သည် ကရဏကာရကအနက်ကို ထွန်းပြတတ်၏။

စတုတ္ထီဝိဘတ်သည် သမ္ပဒါနကာရကအနက်ကို ထွန်းပြတတ်၏။

ပဉ္စမီဝိဘတ်သည် အပါဒါနကာရကအနက်ကို ထွန်းပြတတ်၏။

သတ္တမီဝိဘတ်သည် ဩကာသကာရကအနက်ကို ထွန်းပြတတ်၏။

ပထမာဝိဘတ်သည် အာလုပ် အကာရကမည်၏။

ဆဋ္ဌီဝိဘတ်သည် သာမိအကာရကမည်၏။

နာမ်ဝိဘတ်နှင့် အနက်ဇယား

| ကာရကအကာရက | ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် | အနက် |
|---|---|---|---|---|
| ကတ္တုကာရက | ပထမာ | သိ | ယော | သည်၊ ကား |
| အာလုပ်အကာရက | ပဌမာ | သိ | ယော | အို၊ ဟယ်၊ အချင်း၊ အမင်း၊ အမောင် |
| ကမ္မကာရက | ဒုတိယာ | အံ | ယော | ကို၊ သို့ |
| ကရဏကာရက | တတိယာ | နာ | ဟိ | သည်၊ ဖြင့်၊ နှင့်၊ ကြောင့် |
| သမ္ပဒါနကာရက | စတုတ္ထီ | သ | နံ | အား၊ ငှာ |
| အပါဒါနကာရက | ပဉ္စမီ | သ္မာ | ဟိ | မှ၊ အောက်၊ ထက် ကြောင့် |
| သာမိအကာရက | ဆဋ္ဌီ | သ | နံ | ၏၊ တွင်၊ စဉ် |
| ဩကာသကာရက | သတ္တမီ | သ္မိံ | သု | ၌၊ တွင်၊ စဉ်၊ သော် ကြောင့် |

မှတ်ရန်အဆောင်ပုဒ်များ

၁။ အို ဟယ် အာလုပ်၊ သရုပ်သည့်ကား၊ လိင်တိထား၊ သက်ဗြား ပထမာ။

၂။ ကို၊ သို့ဆိုလံ၊ အနက်ကံ၊ သက်ရန် ဒုတိယာ။

၃။ သည့်ကတ္တားဟူ၊ ဖြင့်မူကရဏ၊ သဟတ္ထနှင့်၊ တဆင့်ဟိတ်နက် ကြောင့်ခေါ်ချက်၊ သက်လေ တတိယာ။

၄။ အဘိဓာ, ၄ါးနှစ်တန်၊ သမ္မဒါန်၊ သက်ရန် စတုတ္ထီ။

၅။ မှ,ကြောင့်,အောက်,ထက်၊ ပါဒါန်နက်၊ သက်လေ ပဉ္စမီ။

၆။ ၏လျှင်သမ္ဗန်၊ နိဒ္ဓါရဏ်တွင်၊ စဉ် နာဒရ၊ ကံအစ၊ သက်ကြ ဆဋ္ဌမီ။

၇။ ၌ ဩကာသ၊ အာဓာရဟူ၊ ကြောင့်မူနိမိတ်၊ နိဒ္ဓါနာဒရ၊ လက္ခဏသော်၊ ခြောက်ဖော်အနက်၊ အသံထွက်၊ သက်လေ သတ္တမီ။

## လေ့ကျင့်ခန်း

၁။ ကာရန်၏အဓိပ္ပာယ်နှင့် ကာရန်အမျိုးအစားကို ဖော်ပြပါ။

၂။ ဝုစ်၏အဓိပ္ပာယ်နှင့် ဝုစ်အမျိုးအစားကိုပါ အဓိပ္ပာယ်နှင့်တကွ ဖော်ပြပါ။

၃။ ဝိဘတ်၏အဓိပ္ပာယ်နှင့် ဝိဘတ်အမျိုးအစားကို အကျဉ်းချုပ် ထုတ်ပြပါ။

၄။ ကာရကခြောက်ပါးကို အနက်များနှင့် ယှဉ်တွဲဖော်ပြပါ။

၅။ အာလုပ်နှင့် သာမိတို့၏ အနက်ကို ဖော်ပြပါ။

## (ဃ) လိင်အကြောင်း

### လိင်မည်ပုံ

မထင်ရှားသော အစိတ် ဖြစ်သောကြောင့် လည်းကောင်း၊ ကွယ်ဝှက်သော အနက်ကို သိစေတတ် သောကြောင့် လည်းကောင်း၊ " ဓာတုပစ္စယဝိဘတ္တိဝဇ္ဇိတမတ္ထဝံ လိင်္ဂံ " ဟူသည်နှင့် အညီ ဓာတ် ပစ္စည်းဝိဘတ်မဟုတ်သော အနက်ရှိသော သဒ္ဒါသည် လိင်မည်၏။

## လိင်အမျိုးအစား

" ပုံ, နပုံ,ထိ၊ တိ, ဒွိ, ကေ၊ အလိင်၊ သုဒ္ဓခုနစ်ပါး" ဟူသည်နှင့်အညီ သုဒ္ဓနာမ်ပုဒ်သည် ပုလ္လိင်, နပုလ္လိင်, ဣတ္ထိလိင်, တိလိင်, ဒွိလိင်, ကေလိင်, အလိင် ဟူ၍ ခုနစ်ပါးအပြားရှိ၏။

**ပုံစံကား –**

ပုရိသ, ဒေဝ စသော နာမ်သည် ပုလ္လိင်ဖြစ်၏။

စိတ္တ, ရူပ စသော နာမ်သည် နပုလ္လိင်ဖြစ်၏။

ကညာ, မာလာစသော နာမ်သည် ဣတ္ထိလိင်ဖြစ်၏။

မဇ္ဈ, ပဋ္ဌ, ပဋ္ဌစသော လိင်သုံးပါးနှင့် ဆက်ဆံသော နာမ်သည် တိလိင်ဖြစ်၏။

ဩဇာ, ဩဇောစသော လိင်နှစ်ပါးနှင့် ဆက်ဆံသော နာမ်သည် ဒွိလိင်ဖြစ်၏။

ပုရိသော,စိတ္တံ, ကညာ စသော လိင်တပါးတည်းနှင့်သာ ဆက်ဆံသော နာမ်သည် ကေလိင်ဖြစ်၏။

ပ, ပရာစသော ဥပသာရပုဒ်တို့သည် လည်းကောင်း၊ စ, ဝါ စသော နိပါတ်ပုဒ်တို့သည်လည်းကောင်း၊

ဒွိ, ပဥ္စ, ဆ စသော သင်္ချာပုဒ်တို့သည်လည်းကောင်း၊ တုမှ, အမှ စသော ပုဒ်တို့သည်လည်းကောင်း၊

ဂစ္ဆတိ စသော အာချာတ်ပုဒ်တို့သည်လည်းကောင်း လိင်ကြောင့် ရုပ်အထူးမရှိသောကြောင့် အလိင်ဖြစ်၏။

### လေ့ကျင့်ခန်း

၁။ အဘယ်ကြောင့် လိင်မည်ပါသနည်း။

၂။ အဘယ်သဒ္ဒါသည် လိင်မည်မပါသနည်း။

၃။ လိင်အမျိုးအစား ခုနစ်ပါးကို ပုံစံနှင့်တကွ ဖော်ပြပါ။

## (င) နာမ်ဂိုဏ်းအကြောင်း

### နာမ်ဂိုဏ်းမည်ပုံ

ရုပ်တွက်သောအခါ အစီအရင်ချင်း တူသော နာမ်ပုဒ်များ အပေါင်းသည် နာမ်ဂိုဏ်းမည်၏။

### ပဒမာလာမည်ပုံ

နာမ်ပုဒ်ကို—

ဧကဝုစ် ဗဟုဝုစ်အားဖြင့်လည်းကောင်း၊

ပဌမာ ဒုတိယာစသော ဝိဘတ်အားဖြင့် လည်းကောင်း၊

အစဉ်ကျအောင် စီစဉ်ထားမှုသည် ပဒမာလာမည်၏။

### နာမ်ဂိုဏ်းအမျိုးအစား

"မနောဂိုဏ်းစု၊ ပု၊ စိတ်၊ ကညာ၊ ဂု၊ ဂစ္ဆာနှင့်၊ ပုမာ၊ ရာဇ၊
သတ္တ၊ ရတ္တာ၊ နဒါ၊ ဂဝံ၊ သဗ္ဗနာမ်၊ မှတ်ရန်တဆယ့်သုံး"

ဟူသည်နှင့် အညီ—

မနောဂိုဏ်း၊ ပုရိသာဒိဂိုဏ်း၊ စိတ္တာဒိဂိုဏ်း၊ ကညာဒိဂိုဏ်း၊
ဂုဏဝါဒိဂိုဏ်း၊ ဂစ္ဆန္တာဒိဂိုဏ်း၊ ပုမာဒိဂိုဏ်း၊ ရာဇာဒိဂိုဏ်း၊

သတ္တာဒိဂိုဏ်း၊ ရုတ္တာဒိဂိုဏ်း၊ နုဒါဒိဂိုဏ်း၊ ဂဟာပတာဒိဂိုဏ်း၊ သဗ္ဗနာမ်ဂိုဏ်းဟူ၍ တဆယ့်သုံးပါးရှိ၏။

## လေ့ကျင့်ခန်း

၁။ အောက်ပါတို့၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

(က) နာမ်ဂိုဏ်း (ခ) ပဒမာလာ။

၂။ နာမ်ဂိုဏ်း အမျိုးအစား မည်မျှရှိပါသနည်း၊ ဥဒါဟရဏ်နှင့် တကွ ဖော်ပြပါ။

## (စ) ပုဒ်အကြောင်း

### ပုဒ်မည်ပုံ

ဘုရား၊ တရား၊ သံဃာစသော တမျိုး တမျိုးသော အနက်ကို ဟောနိုင်သော ဗုဒ္ဓ ဓမ္မ သံဃ စသော အက္ခရာအပေါင်းသည် အနက်ကို သိခြင်းအကြောင်း ဖြစ်သောကြောင့် ပုဒ်မည်၏။ ဝိဘတ် အဆုံးရှိသော အက္ခရာအပေါင်းကိုလည်း ပုဒ်ဟုခေါ်နိုင်၏။

### ပုဒ်အမျိုးအစား

အနက်ကို သိခြင်း၏ အကြောင်းဖြစ်သော ပုဒ်သည် နာမ်ပုဒ်၊ နာမဝိသေသနပုဒ်၊ နာမ်စားပုဒ်၊ ကြိယာပုဒ်၊ ကြိယာဝိသေသနပုဒ်၊ ဥပသာရပုဒ်၊ နိပါတ်ပုဒ် ဟူ၍ အမျိုးအစား များစွာရှိ၏။

ထိုပုဒ်တို့တွင်—

ဗုဒ္ဓ ဓမ္မ သံဃ စသော ပုဒ်သည် နာမ်ပုဒ်မည်၏။

ဒီဃ ရဿ စသော ပုဒ်သည် နာမဝိသေသန ပုဒ်မည်၏။

တုံ တုမှေ စသော ပုဒ်သည် နာမ်စားပုဒ်မည်၏။

ပစတိ ဘုဉ္ဇတိ စသော ပုဒ်သည် ကြိယာပုဒ်မည်၏။

သမ္မာ သမန္တာ စသော ပုဒ်သည် ကြိယာဝိသေသနပုဒ်မည်၏။

ပ ပရာ နိ နီ စသော ပုဒ်သည် ဥပသာရပုဒ်မည်၏။

ဟိ စ ပန စသော ပုဒ်သည် နိပါတ်ပုဒ်မည်၏

လေ့ကျင့်ခန်း

၁။ ပုဒ်၏ အဓိပ္ပာယ်ကို ရေးသားပါ။

၂။ ပုဒ်အမျိုးအစားကို ရေးသားပါ။

၃။ အောက်ပါ ပုဒ်တို့သည် မည်သည့်ပုဒ်မျိုး ဖြစ်ပါသနည်း။
(က) ဗုဒ္ဓ (ခ) ဒီဃ (ဂ) တုံ (ဃ) ပစတိ (င) သမန္တာ (စ) ပရာ (ဆ) ပန။

## (ဆ) နာမ်ပုဒ်အကြောင်း

### နာမ်မည်ပုံ

သက်ရှိ သက်မဲ့ အရာဝတ္ထု ဟူသမျှကို မှည့်ခေါ်သော အမည်သည် အနက်သို့ ရှေးရှု ညွတ်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မိမိသို့ အနက်ကို ညွတ်စေတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း နာမ်မည်၏။

### နာမ်အမျိုးအစား

နာမ်သည် သုဒ္ဓနာမ်, သဗ္ဗနာမ် သမာသ်နာမ်, တဒ္ဓိတ်နာမ်, ကိတ်နာမ်ဟူ၍ ငါးပါးရှိ၏။

ထိုငါးပါးတို့တွင်—

ဗုဒ္ဓ ဓမ္မ စသော သက်သက်သော နာမ်သည် သုဒ္ဓနာမ်မည်၏၊ သဗ္ဗ, ကတရစသော (၂၇) ပုဒ်သည် သဗ္ဗနာမ်မည်၏၊ မဟာပုရိသ, ဥပနဂရ စသော နှစ်ပုဒ်တွဲသော(ပုဒ်ချင်းကပ်၍ထားသော)နာမ်သည် သမာသ်နာမ် မည်၏၊ ဝါသိဋ္ဌော, မာနုသကော စသော ပုဒ်နောင် ပစ္စည်းသက်သော နာမ်သည် တဒ္ဓိတ်နာမ်မည်၏၊ ဘိက္ခု ဂုတ္တော ဂတော စသော ဓာတ် နောင် ပစ္စည်းသက်သော နာမ်သည် ကိတ်နာမ်မည်၏။

## လေ့ကျင့်ခန်း

၁။ နာမ်၏ အဓိပ္ပာယ်ကို ရေးသားပါ။

၂။ နာမ်အမျိုးအစား ငါးပါးကို ရေးသားပါ။

၃။ နာမ်ငါးပါးကို ဥဒါဟရုဏ်များနှင့်တွဲဖက်ရေးသားပါ။

## (ဇ) နာမ်ပုဒ်နောင် ဝိဘတ်သွယ်ပုံအကြောင်း

နာမ်ပုဒ်သည် သရဆုံးသောနာမ်ပုဒ်,ဗျည်းဆုံးသော နာမ်ပုဒ်ဟူ၍ နှစ်မျိုးရှိ၏။

ထိုနှစ်မျိုးတို့တွင်—

သရဆုံးသော နာမ်ပုဒ်များကား ပုရိသ, ကညာ, စိတ္တ စသည် တည်း။

ဗျည်းဆုံးသော နာမ်ပုဒ်များကား ပိတရ်, မာတရ်, မာနသ်စသည် တည်း။

## သရဆုံးသော နာမ်ပုဒ်နောင် ဝိဘတ်သွယ်ပုံ

ပုရိသစသော သရဆုံးသော နာမ်ပုဒ်နောင် သြ, အာ စသော နာမ်ဝိဘတ်၏ အပြုသက်ကေ(နာမ်ဝိဘတ်၏ကာရိယ)များကို ဆက်

သွယ်ပေးခြင်းအားဖြင့် ပုရိသော, ပုရိသာ စသည်ဖြင့် ဝိဘတ်သွယ်ပြီးသော ပုဒ်များဖြစ်လာ၏။

## အနက်ပြန်ဆိုပုံ

ဝိဘတ်သွယ်ပြီးသော ပုဒ်များကို ဖော်ပြပါအတိုင်း အနက်မြန်မာပြန်ဆိုရ၏။

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | ပုရိသော=ယောကျ်ားသည် | ပုရိသာ=ယောကျ်ားတို့သည် |
| ပဌမာ (အာလပန) | (ဟေ)ပုရိသ, ပုရိသာ= အိုယောကျ်ား | (ဘဝန္တော)ပုရိသာ=အိုယောကျ်ားတို့ |
| ဒုတိယာ | ပုရိသံ=ယောကျ်ားကို | ပုရိသေ=ယောကျ်ားတို့ကို |
| တတိယာ | ပုရိသေန=ယောကျ်ားဖြင့် | ပုရိသေဟိ,ပုရိသေဘိ= ယောကျ်ားတို့ဖြင့် |
| စတုတ္ထီ | ပုရိသဿ=ယောကျ်ားအား | ပုရိသာနံ = ယောကျ်ားတို့အား |
| ပဉ္စမီ | ပုရိသသ္မာ၊ပုရိသမှာ၊ပုရိသာ =ယောကျ်ားမှ။ | ပုရိသေဟိ,ပုရိသေဘိ= ယောကျ်ားတို့မှ |
| ဆဋ္ဌီ | ပုရိသဿ=ယောကျ်ား၏ | ပုရိသာနံ=ယောကျ်ား တို့၏ |
| သတ္တမီ | ပုရိသသ္မိံ၊ပုရိသမှိ၊ပုရိသေ =ယောကျ်ား၌။ | ပုရိသေသု=ယောကျ်ား တို့၌ |

## အကာရန္တ ပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ကေဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပထမာ | ကတ္တား | ဩ ေ—ါ | အာ |
| ပထမာ | အာလပန | အ၊ အာ | အာ |
| ဒုတိယာ | ကမ္မ | အံ | ေ |
| တတိယာ | ကရဏ | ေန | ေဟိ၊ ေဘိ |
| စတုတ္ထီ | သမ္ပဒါန | ဿ | အာနံ |
| ပဉ္စမီ | အပါဒါန | သ္မာ၊ မှာ၊ အာ | ေဟိ၊ ေဘိ |
| ဆဋ္ဌီ | သာမိ | ဿ | အာနံ |
| သတ္တမီ | ဩကာသ | သ္မိံ၊ မှိ၊ ေ | ေသု |

## ပုရိသာဒိဂိုဏ်း

### အကာရန္တ ပုရိသဟူသော ပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ကေဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ပုရိသော | ပုရိသာ |
| ပထမာ(အာလပန)ဘော | ပုရိသ၊ ပုရိသာ | ဘဝန္တော ပုရိသာ |
| ဒုတိယာ | ပုရိသံ | ပုရိသေ |
| တတိယာ | ပုရိသေန | ပုရိသေဟိ၊ ပုရိသေဘိ |
| စတုတ္ထီ | ပုရိသဿ၊ | ပုရိသာနံ |
| ပဉ္စမီ | ပုရိသသ္မာ၊ ပုရိသမှာ၊ ပုရိသာ | ပုရိသေဟိ၊ ပုရိသေဘိ |
| ဆဋ္ဌီ | ပုရိသဿ | ပုရိသာနံ |
| သတ္တမီ | ပုရိသသ္မိံ၊ ပုရိသမှိ၊ ပုရိသေ | ပုရိသေသု |

## အကာရန္တ ပုလ္လိင် နာမ်ပုဒ်များ

| | | | |
|---|---|---|---|
| ဗုဒ္ဓ၊ သုဂတ | ဘုရား | ယက္ခ | နတ်၊ ဘီလူး |
| ဗောဓိသတ္တ | ဘုရားလောင်း | ဒါသ | ကျွန် |
| ဓမ္မ | တရား | ဂါမ | ရွာ |
| သံဃ | သံဃာ | နိဂမ | နိဂုံး |
| သမဏ | ရဟန်း | ဝိဟာရ | ကျောင်း |
| သာမဏေရ | သာမဏေ | သမုဒ္ဒ | သမုဒ္ဒရာ |
| အာစရိယ | ဆရာ | ဒီပ | ကျွန်း |
| သီဃ | တပည့် | ပဗ္ဗတ | တောင် |
| ဒေဝ(သုရ) | နတ် | ရုက္ခ | သစ်ပင် |
| သက္က၊ ဒေဝါနမိန္ဒ | သိကြား | အာကာသ | ကောင်းကင် |
| ဗြဟ္မဏ | ရဟန္တာ၊ ပုဏ္ဏား | သူရိယ | နေ |
| ခတ္တိယ | မင်း | စန္ဒ | လ |
| အမစ္စ | အမတ် | အာလောက | အလင်းရောင် |
| မနုဿ၊နရ၊ဇန၊ဂဟဋ္ဌ | လူ | လောက | လောက |
| ပုရိသ၊ပေါသ | ယောကျ်ား | ဟတ္ထ | လက် |
| မာတုဂါမ | မိန်းမ | ပါဒ | ခြေ |
| သြရေဓ | မောင်းမဆောင် | သတ္တ | သတ္တဝါ |
| ဒါရက | သူငယ် | ဂေါဏ | နွား |

| | | | |
|---|---|---|---|
| ပုတ္တ | သား | မဟိံသ | ကျွဲ |
| နိလယ | အိမ် | မာတင်္ဂ | ဆင် |
| မိတ္တ | မိတ်ဆွေ | အဿ၊ တုရင် | မြင်း |
| ဝါဏိဇ | ကုန်သည် | သီဟ | ခြင်္သေ့ |
| ကဿက | လယ်သမား | ဗျဂ္ဃ | ကျား |
| ကမ္မကာရ | အလုပ်သမား | သူကရ၊ ဝရာဟ | ဝက် |
| ဂေါပါလ | နွားကျောင်းသား | သုနခ၊ သောဏ | ခွေး |
| လုဒ္ဒ၊ လုဒ္ဒက | မုဆိုး | မစ္ဆ | ငါး |
| အာဟာရ | အစာ | ကစ္ဆပ | လိပ် |
| ယောဓ | စစ်သား | သကုဏ | ငှက် |
| စောရ | သူခိုး | | |

အကာရန္တ နပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပထမာ | ကတ္တာ | အံ | အာ၊ အာနိ |
| ပထမာ | အာလပန | အ၊ အာ | အာ၊ အာနိ |
| ဒုတိယာ | ကမ္မ | အံ | ဧ၊ အာနိ |
| တတိယာ | ကရဏ | ေန | ေဟိ၊ ေဘိ |
| စတုတ္ထီ | သမ္ပဒါန | ဿ | အာနံ |
| ပဉ္စမီ | အပါဒါန | သ္မာ၊ မှာ၊ အာ | ေဟိ၊ ေဘိ |
| ဆဋ္ဌီ | သာမိ | ဿ | အာနံ |
| သတ္တမီ | ဩကာသ | သ္မိံ၊ မှိ၊ ဧ | ေသု |

## စိတ္တာဒိဂိုဏ်း

### အကာရန္တ စိတ္တဟူသော နပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | စိတ္တံ | စိတ္တာ၊ စိတ္တာနိ |
| ပဌမာ (အာလပန) | (ဘော)စိတ္တ၊ စိတ္တာ | (ဘဝန္တာနိ)စိတ္တာ၊စိတ္တာနိ |
| ဒုတိယာ | စိတ္တံ | စိတ္တေ၊ စိတ္တာနိ |
| တတိယာ | စိတ္တေန | စိတ္တေဟိ၊ စိတ္တေဘိ |
| စတုတ္ထီ | စိတ္တဿ | စိတ္တာနံ |
| ပဉ္စမီ | စိတ္တသ္မာ၊စိတ္တမှာ၊စိတ္တာ | စိတ္တေဟိ၊ စိတ္တေဘိ |
| ဆဋ္ဌီ | စိတ္တဿ | စိတ္တာနံ |
| သတ္တမီ | စိတ္တသ္မိံ ၊စိတ္တမှိ၊စိတ္တေ | စိတ္တေသု |

### အကာရန္တ နပုလ္လိင် နာမ်ပုဒ်များ

| | | | |
|---|---|---|---|
| စိတ္တ | စိတ် | ပုပ္ဖ | ပန်း(အပွင့်) |
| ဟဒယ | နှလုံး | ဖလ | အသီး |
| ဇီဝိတ | အသက် | ပဏ္ဏ | အရွက် |
| ရူပ | အဆင်း | မူလ | အမြစ် |
| ဉာဏ | ဉာဏ် | တိဏ | မြက် |
| ဉာဏ | ဉာဏ် | ဒါဠ္ဟ | တံစဉ့် |

| | | | |
|---|---|---|---|
| ဒါန | အလှူ | ဓန | ဥစ္စာ |
| သီလ | သီလ | ဓည | စပါး |
| သုခ | ချမ်းသာခြင်း | ကနက၊ ဟိရည၊ | ရွှေ၊ ငွေ |
| ဒုက္ခ | ဆင်းရဲခြင်း | ဝတ္ထ | အဝတ် |
| ပုည | ကောင်းမှု | စီဝရ | သင်္ကန်း |
| ပါပ | မကောင်းမှု | ကမ္ဗလ | ကမ္ဗလာ |
| ဗလ | ခွန်အား | ဆတ္တ | ထီး |
| ပဒ၊ အမတ | နိဗ္ဗာန် | ဥပါဟန | ဖိနပ် |
| ဘဝန၊ ဘုဝန | ဘုံ၊ ဗိမာန်၊ အိမ် | ကုဏ္ဍလ | နားတောင်း |
| ဂဂန | ကောင်းကင် | | လက်ကောက် |
| စေတိယ | စေတီ | အင်္ဂ | ကိုယ်အင်္ဂါ |
| သောပါန | စောင်းတန်း | | အစိတ်အပိုင်း |
| ရဋ္ဌ | နိုင်ငံ | မုခ၊ ဝဒန | မျက်နှာ၊ ခံတွင်း |
| နဂရ | မြို့ | နယန | မျက်လုံး |
| ဝန၊ အရည | တော | ဝစန | စကား |
| ပဝန | တောကြီး | ဃာန | နှာခေါင်း |
| ဥယျာန | ဥယျာဉ် | တုဏ္ဍ | နှုတ်သီး |
| ဃရ၊ ဂေဟ | အိမ် | အဏ္ဍ | အဥ |
| ဒွါရ | တံခါး | မံသ | အသား |

| | | | |
|---|---|---|---|
| သုသာန | သုသာန် | သကဋ | လှည်း |
| ဥဒက၊ ဇလ | ရေ | ယာန | ယာဉ် |
| ဇာလ | ပိုက်ကွန် | ကမ္မ | လုပ်ငန်း |
| ကူလ၊ တီရ | ကမ်းပါး | အာယုဓ | လက်နက် |
| ကုလ | အမျိုးအနွယ် | ဃမ္မ | နွေကာလ |
| ပလ္လလ | ညွန်အိုင် | ပီဌ | အခင်းပျဉ်၊ ထိုင်ခုံ |
| ကမလ၊အမ္ဗုဇ | ကြာ | | |
| ဘတ္တ | ထမင်း | | |
| အသန | စားစရာ | | |
| လဝဏ၊လောဏ | ဆား | | |
| ပါန | သောက်စရာ | | |
| | အဖျော် | | |

## အာကာရန္တ ပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| **ဝိဘတ်** | **ဝိဘတ်အနက်** | **ဧကဝုစ်** | **ဗဟုဝုစ်** |
|---|---|---|---|
| ပထမာ | ကတ္တာ | အာ | အာ၊ နော |
| ပထမာ | အာလပန | အ၊ အာ | အာ၊ နော |
| ဒုတိယာ | ကမ္မ | အံ၊ နံ | ဧ၊ နေ၊ နော |
| တတိယာ | ကရဏ | နာ၊ နေ | ဟိ၊ ဘိ၊ နေဟိ၊ နေဘိ |
| စတုတ္ထီ | သမ္ပဒါန | ဿ၊ ယ | နံ |
| ပဉ္စမီ | အပါဒါန | သ္မာ၊မှာ၊အာ၊န | ဟိ၊ဘိ၊ နေဟိ၊နေဘိ |
| ဆဋ္ဌီ | သာမိ | ဿ | နံ |
| သတ္တမီ | ဩကာသ | သ္မိံ၊ မှိ၊ ဧ၊ နေ | သု၊ နေသု |

## ရတ္တာဒိဂိုဏ်း

### အာကာရန္တ သာ-ဟူသော ပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ
### (ရုပ်သိဒ္ဓိနှင့်ပယောဂသိဒ္ဓိမှရုပ်များ)

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | သာ | သာ၊ သာနော |
| ပထမာ | (ဟေ) သ၊ သာ | (ဟေ) သာ၊ သာနော |
| (အာလပန) | သာန၊ | |
| ဒုတိယာ | သံ၊ သာနံ | ဧသ၊ သာနေ၊ သာနော |
| တတိယာ | သာနာ၊ သေန | သာဟိ၊ သာဘိ၊ သာနေဟိ၊ သာနေဘိ |
| စတုတ္ထီ | သာဿ၊ သာဿ | သာနံ |
| ပဉ္စမီ | သာသ္မာ၊ သာမှာ၊ သာ၊ သာနာ | သာဟိ၊ သာဘိ၊ သာနေဟိ၊ သာနေဘိ |
| ဆဋ္ဌီ | သာဿ | သာနံ |
| သတ္တမီ | သာသ္မိံ၊ သာမှိ၊ သေ၊ သာနေ | သာသု၊ သာနေသု |

### အာကာရန္တ ပုလ္လိင် နာမ်ပုဒ်များ

သာ ခွေး
ရာ ဥစ္စာ
ပစ္စက္ခဓမ္မာ မျက်မှောက်ပြုအပ်သောတရားရှိသူ
ဂဏ္ဍိဝဓနွာ မြားတင်သော လေးရှိသူ

## အာကာရန္တ ဣတ္ထိလိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပဌမာ | ကတ္တာ | အာ | အာ၊ ယော |
| ပဌမာ | အာလပန | ဧ | အာ၊ ယော |
| ဒုတိယာ | ကမ္မ | အံ | အာ၊ ယော |
| တတိယာ | ကရဏ | ယာ | ဟိ၊ ဘိ |
| စတုတ္ထီ | သမ္ပဒါန | ယာ | နံ |
| ပဉ္စမီ | အပါဒါန | ယာ | ဟိ၊ ဘိ |
| ဆဋ္ဌီ | သာမိ | ယာ | နံ |
| သတ္တမီ | ဩကာသ | ယာ၊ ယံ | သု |

## ကညာဒိဂိုဏ်း

### အာကာရန္တ ကညာဟူသော ဣတ္ထိလိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | ကညာ | ကညာ၊ ကညာယော |
| ပဌမာ (အာလပန) | (ဘောတိ) ကညေ | (ဘောတိယော) ကညာ၊ ကညာယော |
| ဒုတိယာ | ကညံ | ကညာ၊ ကညာယော |
| တတိယာ | ကညာယ | ကညာဟိ၊ ကညာဘိ |
| စတုတ္ထီ | ကညာယ | ကညာနံ |
| ပဉ္စမီ | ကညာယ | ကညာဟိ၊ ကညာဘိ |
| ဆဋ္ဌီ | ကညာယ | ကညာနံ |
| သတ္တမီ | ကညာယ၊ ကညာယံ | ကညာသု |

## အာကာရန္တ ဣတ္ထိလိင် နာမ်ပုဒ်များ

| | | | |
|---|---|---|---|
| ကညာ၊ ဒါရိကာ | အပျို | လာလာ၊ လော | တံတွေး |
| ဘရိယာ၊ ဇာယာ | မယား | တုလာ | ချိန်ခွင် |
| အမ္မာ | အမိ | ဒေါလာ | ပုခက် |
| သုဏိသာ | ချွေးမ | ဝီဏာ | စောင်း |
| ခတ္တိယာ | မင်းသမီး | ဃဏ္ဍာ | ခေါင်းလောင်း |
| ဒေဝတာ | နတ် | မုဒ္ဒါ | လက်စွပ် |
| ပရိသာ | ပရိသတ် | သိခါ | ဦးစွန်းဖွတ် |
| သဘာ | သဘင်၊ အစည်းအဝေး | ဝေလာ | ကမ်းပါး |
| | | သိလာ | ကျောက်ခဲ |
| မာယာ | လှည့်ပတ်မှု | သာလာ | ဇရပ် |
| သေနာ | စစ်တပ် | ဂုဟာ | လိုဏ်ဂူ |
| မေတ္တာ | ချစ်ခင်မှု | | တောင်ခေါင်း |
| ကရုဏာ | သနားမှု | ဆာယာ | အရိပ် |
| ဝေဒနာ | ခံစားမှု | မဉ္ဇူသာ | သေတ္တာ |
| ပညာ | သိမှု | ဝါလိကာ | သဲ |
| ဝိဇ္ဇာ | အတတ်ပညာ | ဘိက္ခာ | ထမင်း |
| ပုစ္ဆာ | အမေး | ဂင်္ဂါ | ဂင်္ဂါမြစ် |

| | | | |
|---|---|---|---|
| ကထာ၊ဝါစာ၊ဘာသာ | | ဒိသာ | အရပ်မျက်နှာ |
| | စကား | ဇာလာ | မီးလျှံ |
| ဂါထာ | ဂါထာ | ဥက္ကာ | ဆီမီး |
| ဇိဝှါ | လျှာ | ပဘာ | အရောင် |
| နာသာ | နှာခေါင်း | ဇုဏှာ | လရောင် |
| ဗာဟာ | လက်မောင်း | နာဝါ | လှေ |
| ဂီဝါ | လည်ပင်း | | |
| ဇင်္ဃာ | ခြေသလုံး | | |
| မာလာ | ပန်း | | |

## ဦကာရန္တ ပုလ္လိင် နာမ်ဝိဘတ် သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပဌမာ | ကတ္တာ | ဦ | ဦ၊ အယော |
| ပဌမာ | အာလပန | ဦ | ဦ၊ အယော |
| ဒုတိယာ | ကမ္မ | ဦံ | ဦ၊ အယော |
| တတိယာ | ကရဏ | နာ | ဦဟိ၊ ဦဘိ၊ ဟိ၊ ဘိ |
| စတုတ္ထီ | သမ္ပဒါန | နော၊ ဿ | ဦနံ၊ နံ |
| ပဉ္စမီ | အပါဒါန | သ္မာ၊မှာ၊နာ | ဦဟိ၊ ဦဘိ၊ ဟိ၊ဘိ |
| ဆဋ္ဌီ | သာမိ | နော၊ဿ | ဦနံ၊ နံ |
| သတ္တမီ | ဩကာသ | သ္မိံ၊ မှိ | ဦသု၊ သု |

## ဣကာရန္တ မုနိဟူသော ပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | မုနိ | မုနီ၊ မုနယော |
| ပထမာ (အာလပန) | (ဘော)မုနိ | (ဘောန္တော) မုနီ၊ မုနယော |
| ဒုတိယာ | မုနိံ | မုနီ၊ မုနယော |
| တတိယာ | မုနိနာ | မုနီဟိ၊ မုနီဘိ၊ မုနိဟိ၊ မုနိဘိ |
| စတုတ္ထီ | မုနိနော၊ မုနိဿ | မုနီနံ၊ မုနိနံ |
| ပဉ္စမီ | မုနိသ္မာ၊ မုနိမှာ၊ မုနိနာ | မုနီဟိ၊ မုနီဘိ၊ မုနိဟိ၊ မုနိဘိ |
| ဆဋ္ဌီ | မုနိနော၊ မုနိဿ | မုနီနံ၊ မုနိနံ |
| သတ္တမီ | မုနိသ္မိံ၊ မုနိမှိ | မုနီသု၊ မုနိသု |

## ဣကာရန္တ ပုလ္လိင် နာမ်ပုဒ်များ

| | | | |
|---|---|---|---|
| မုနိ၊ ယတိ | ရဟန်း | ဒီပိ | သစ် |
| ဣသိ | ရသေ့ | ကိမိ | ပိုးကောင် |
| ကဝိ | စာဆိုပညာရှိ | အဟိ | မြွေ |
| သေဋ္ဌိ | သူဌေး | ကုစ္ဆိ | ဝမ်းဗိုက် |
| ဂဟပတိ | အိမ်ပိုင်ရှင် | မုဋ္ဌိ | လက်သီးဆုပ် |
| သေနာပတိ | စစ်သူကြီး | ပါဏိ | လက် |
| အဓိပတိ | အကြီးအမှူး | ဗောန္ဒိ | ကိုယ် |

| | | | |
|---|---|---|---|
| ဉာတိ | ဆွေမျိုး | အဂ္ဂိ၊ အဂ္ဂိနိ၊ ဇောတိ | မီး |
| ပတိ | လင် | မသိ | မင်၊ မီးသွေး |
| ပတ္တိ | ခြေလျင်စစ်သား | အသိ | မား၊ သံလျက် |
| အတိထိ | ဧည့်သည် | ရာသိ | အစုအပုံ |
| သာရထိ | ရထားထိန်း | သန္ဓိ | အဆက်အစပ် |
| အရိ | ရန်သူ | နိဓိ | မြှုပ်နှံထားသောဥစ္စာ |
| ဂိရိ | တောင် | မဏိ | ပတ္တမြား |
| ကပိ | မျောက် | ရဝိ | နေ |
| | | ဗျာဓိ | အနာရောဂါ |

## ဥကာရန္တ နပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပဌမာ | ကတ္တာ | ဥ | ဦ၊ ဦနိ |
| ပဌမာ | အာလပန | ဥ | ဦ၊ ဦနိ |
| ဒုတိယာ | ကမ္မ | ဥံ | ဦ၊ ဦနိ |
| တတိယာ | ကရဏ | ုနာ | ဦဟိ၊ ဦဘိ၊ ုဟိ၊ ုဘိ |
| စတုတ္ထီ | သမ္ပဒါန | ုနော၊ ုဿ | ဦနံ၊ ုနံ |
| ပဉ္စမီ | အပါဒါန | ုသ္မာ၊ ုမှာ၊ ုနာ | ဦဟိ၊ ဦဘိ၊ ုဟိ၊ ုဘိ |
| ဆဋ္ဌီ | သာမိ | ုနော၊ ုဿ | ဦနံ၊ ုနံ |
| သတ္တမီ | ဩကာသ | ုသ္မိံ၊ ုမှိ | ဦသု၊ ုသု |

## ဣကာရန္တ အဋ္ဌိဟူသော နပုလ္လိင် ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | အဋ္ဌိ | အဋ္ဌီ၊ အဋ္ဌီနိ |
| ပထမာ (အာလပန) | (ဟေ)အဋ္ဌိ | (ဟေ)အဋ္ဌီ၊ အဋ္ဌီနိ |
| ဒုတိယာ | အဋ္ဌိံ | အဋ္ဌီ၊ အဋ္ဌီနိ |
| တတိယာ | အဋ္ဌိနာ | အဋ္ဌီဟိ၊အဋ္ဌီဘိ၊အဋ္ဌိဟိ၊ အဋ္ဌိ |
| စတုတ္ထီ | အဋ္ဌိနော၊ အဋ္ဌိဿ | အဋ္ဌီနံ၊ အဋ္ဌိနံ |
| ပဉ္စမီ | အဋ္ဌိသ္မာ၊ အဋ္ဌိမှာ၊ အဋ္ဌိနာ | အဋ္ဌီဟိ၊အဋ္ဌီဘိ၊အဋ္ဌိဟိ၊အဋ္ဌိဘိ |
| ဆဋ္ဌီ | အဋ္ဌိနော၊ အဋ္ဌိဿ | အဋ္ဌီနံ၊ အဋ္ဌိနံ |
| သတ္တမီ | အဋ္ဌိသ္မိံ၊ အဋ္ဌိမှိ | အဋ္ဌီသု၊ အဋ္ဌိသု |

## ဣကာရန္တ နပုလ္လိင် နာမ်ပုဒ်များ

| | | | |
|---|---|---|---|
| အဋ္ဌိ | အရိုး | အစ္ဆိ | မျက်စိ |
| သတ္ထိ | ပေါင် | အစ္စိ | မီးတောက် |
| ဒဓိ | နို့ဓမ်း | ဝါရိ | ရေ |
| သပ္ပိ | ထောပတ် | ခဝါရိ | မိုးရေ |
| အက္ခိ | မျက်စိ | | |

## ဣကာရန္တ ဣတ္ထိလိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပဌမာ | ကတ္တာ | ဣ | ဤ၊ ယော၊ ဧ—ျာ |
| ပဌမာ | အာလပန | ဣ | ဤ၊ ယော၊ ဧ—ျာ |
| ဒုတိယာ | ကမ္မ | ဣံ | ဤ၊ ယော၊ ဧ—ျာ |
| တတိယာ | ကရဏ | ယာ ၊—ျာ | ဤဟိ၊ ဤဘိ |
| စတုတ္ထီ | သမ္ပဒါန | ယာ၊ —ျာ | ဤနံ |
| ပဉ္စမီ | အပါဒါန | ယာ၊ —ျာ | ဤဟိ၊ ဤဘိ |
| ဆဋ္ဌီ | သာမိ | ယာ၊ —ျာ | ဤနံ |
| သတ္တမီ | ဩကာသ | ယာ၊ ယံ၊—ျာ၊ —ျံ | ဤသု |

## ဣကာရန္တ ရတ္တိဟူသော ဣတ္ထိလိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | ရတ္တိ | ရတ္တီ၊ ရတ္တိယော၊ ရတျော |
| ပဌမာ (အာလပန) | (ဟေ) ရတ္တိ | (ဟေ) ရတ္တီ၊ ရတ္တိယော၊ ရတျော |
| ဒုတိယာ | ရတ္တိံ | ရတ္တီ၊ ရတ္တိယော၊ ရတျော |
| တတိယာ | ရတ္တိယာ၊ ရတျာ | ရတ္တီဟိ၊ ရတ္တီဘိ |
| စတုတ္ထီ | ရတ္တိယာ၊ ရတျာ | ရတ္တီနံ |
| ပဉ္စမီ | ရတ္တိယာ၊ ရတျာ | ရတ္တီဟိ၊ ရတ္တီဘိ |
| ဆဋ္ဌီ | ရတ္တိယာ၊ ရတျာ | ရတ္တီနံ |
| သတ္တမီ | ရတ္တိယာ၊ ရတ္တိယံ၊ ရတျံ၊ | ရတ္တီသု |

## ဣကာရန္တ ဣတ္ထိလိင် နာမ်ပုဒ်များ

ဇာတိ ဖြစ်ခြင်း
စုတိ သေခြင်း
ပီတိ နှစ်သက်ခြင်း
သတိ အောက်မေ့ခြင်း
ဂတိ လားခြင်း
မတိ ဉာဏ်
ဘတိ အခ
သတ္တိ လှံ
ရတ္တိ ညဉ့်
မုတ္တိ လွတ်ခြင်း
ကိတ္တိ ကျော်စောခြင်း
တိတ္တိ ရောင့်ရဲခြင်း
ဝီထိ လမ်း
ဝုဋ္ဌိ မိုး
တုဋ္ဌိ နှစ်သက်ခြင်း

ဒိဋ္ဌိ အယူ
ဣဒ္ဓိ တန်ခိုး
သိဒ္ဓိ ပြီးစီးခြင်း
ဝုဒ္ဓိ ကြီးပွားခြင်း
ဗုဒ္ဓိ ပညာ
ပစ္ဆိ တောင်း
တန္တိ ကြိုး
သူစိ အပ်
ခန္တိ သည်းခံခြင်း
ကန္တိ နှစ်သက်ခြင်း
တန္တိ အစဉ်အဆက်
ဘူမိ မြေကြီး
အင်္ဂုလိ လက်ချောင်း
ဆဝိ အရေ

## ဤကာရန္တ ပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| တ် | ဝိဘတ်အနက် | ကေဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပထမာ | ကတ္တာ | ဤ | ဤ၊ ဣနော |
| ပထမာ | အာလပန | ဣ | ဤ၊ ဣနော |
| ဒုတိယာ | ကမ္မ | ဣံ၊ ဣနံ | ဤ၊ ဣနော |
| တတိယာ | ကရဏ | ဣနာ | ဟိ၊ ဘိ |
| စတုတ္ထီ | သမ္ပဒါန | ဣနော၊ ဣဿ | နံ |
| ပဉ္စမီ | အပါဒါန | ဣသ္မာ၊ ဣမှာ၊ ဣနာ | ဟိ၊ ဘိ |
| ဆဋ္ဌီ | သာမိ | ဣနော၊ ဣဿ | နံ |
| သတ္တမီ | ဩကာသ | ဣသ္မိံ၊ ဣမှိ၊ ဣနိ | သု |

## ဤကာရန္တ ဒဏ္ဍီဟူသော ပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ကေဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ဒဏ္ဍီ | ဒဏ္ဍီ၊ ဒဏ္ဍိနော |
| ပထမာ (အာလပန) | (ဘော) ဒဏ္ဍိ | (ဘောန္တော) ဒဏ္ဍီ ဒဏ္ဍိနော |
| ဒုတိယာ | ဒဏ္ဍိံ၊ ဒဏ္ဍိနံ | ဒဏ္ဍီ၊ ဒဏ္ဍိနော |
| တတိယာ | ဒဏ္ဍိနာ | ဒဏ္ဍီဟိ၊ ဒဏ္ဍီဘိ |
| စတုတ္ထီ | ဒဏ္ဍိနော၊ ဒဏ္ဍိဿ | ဒဏ္ဍီနံ |
| ပဉ္စမီ | ဒဏ္ဍိသ္မာ၊ ဒဏ္ဍိမှာ၊ ဒဏ္ဍိနာ | ဒဏ္ဍီဟိ၊ ဒဏ္ဍီဘိ |
| ဆဋ္ဌီ | ဒဏ္ဍိနော၊ ဒဏ္ဍိဿ | ဒဏ္ဍီနံ |
| သတ္တမီ | ဒဏ္ဍိသ္မိံ၊ ဒဏ္ဍိမှိ၊ ဒဏ္ဍိနိ | ဒဏ္ဍီသု |

## ဤကာရန္တ ပုလ္လိင် နာမ်ပုဒ်များ

| | | | |
|---|---|---|---|
| ယောဂီ | ရသေ့=တရားအားထုတ်သူ | သသီ | လ |
| ယောဓိ | စစ်သား | သိခိ | ဥဒေါင်း |
| ဝေရီ | ရန်သူ | ဟတ္ထိ | ဆင် |
| သာမီ | အရှင်သခင် | ဒန္တိ | ဆင် |
| မန္တီ | အမတ် | ဇဋီ | ရသေ့ |
| ကုဋ္ဌိ | အနူ | ပက္ခီ | ငှက် |
| ဂါမဝါသီ | ရွာသား | ပါဏီ | သတ္တဝါ |
| နဂရဝါသီ | မြို့သား | မေဓာဝီ | ပညာရှိ |
| ဓမ္မကာရီ | တရားကျင့်သူ | ဂါမဏီ | ရွာသူကြီး |
| ပါပကာရီ | မကောင်းမှုပြုကျင့်သူ | | |

## ဤကာရန္တ နပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပထမာ | ကတ္တာ | ဣ | ဤ၊ ဤနိ |
| ပထမာ | အာလပန | ဣ | ဤ၊ ဤနိ |
| ဒုတိယာ | ကမ္မ | ဣံ၊ ဣနံ | ဤ၊ ဤနိ |
| တတိယာ | ကရဏ | ဣနာ | ဟိ၊ ဘိ |
| စတုတ္ထီ | သမ္ပဒါန | ဣနော၊ ဣဿ | နံ |
| ပဉ္စမီ | အပါဒါန | ဣသ္မာ၊ ဣမှာ၊ ဣနာ | ဟိ၊ ဘိ |
| ဆဋ္ဌီ | သာမိ | ဣနော၊ ဣဿ | နံ |
| သတ္တမီ | ဩကာသ | ဣသ္မိံ၊ ဣမှိ၊ ဣနိ | သု |

## ဤကာရန္တ သုခကာရီဟူသော နပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | သုခကာရိ | သုခကာရီ၊သုခကာရီနိ |
| ပထမာ (အာလုပ်) | (ဘော)သုခကာရိ | (ဘောန္တော)သုခကာရီ၊ သုခကာရီနိ |
| ဒုတိယာ | သုခကာရိံ၊သုခကာရိနံ | သုခကာရီ၊သုခကာရီနိ |
| တတိယာ | သုခကာရိနာ | သုခကာရီဟိ၊သုခကာရီဘိ |
| စတုတ္ထီ | သုခကာရိနော၊သုခကာရိဿ | သုခကာရီနံ |
| ပဉ္စမီ | သုခကာရိသ္မာ၊သုခကာရိမှာ၊ သုခကာရိနာ | သုခကာရီဟိ၊သုခကာရီဘိ |
| ဆဋ္ဌီ | သုခကာရိနော၊သုခကာရိဿ | သုခကာရီနံ |
| သတ္တမီ | သုခကာရိသ္မိံ၊သုခကာရိမှိ၊ သုခကာရိနိ | သုခကာရီသု |

သုခကာရီ=ချမ်းသာကို ပြုလေ့ရှိသောသူ။

သီဃယာယီ=လျင်စွာ သွားလေ့ရှိသောသူ။

## ဤကာရန္တ ဣတ္ထိလိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပထမာ | ကတ္တာ | ဤ | ဤ၊ ဣယော |
| ပထမာ | အာလပန | ဣ | ဤ၊ ဣယော |
| ဒုတိယာ | ကမ္မ | ဣံ၊ ဣယံ | ဤ၊ ဣယော |
| တတိယာ | ကရဏ | ဣယာ | ဟိ၊ ဘိ |
| စတုတ္ထီ | သမ္ပဒါန | ဣယာ | နံ |
| ပဉ္စမီ | အပါဒါန | ဣယာ | ဟိ၊ ဘိ |
| ဆဋ္ဌီ | သာမိ | ဣယာ | နံ |
| သတ္တမီ | ဩကာသ | ဣယာ၊ ဣယံ | သု |

## ဤကာရန္တ ဣတ္ထီဟူသော ဣတ္ထိလိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ဣတ္ထီ | ဣတ္ထီ၊ ဣတ္ထိယော |
| ပထမာ (အာလပန) | (ဘောတိ)ဣတ္ထိ | (ဘောတိယော)ဣတ္ထီ၊ ဣတ္ထိယော |
| ဒုတိယာ | ဣတ္ထိံ၊ ဣတ္ထိယံ | ဣတ္ထီ၊ ဣတ္ထိယော |
| တတိယာ | ဣတ္ထိယာ | ဣတ္ထီဟိ၊ ဣတ္ထီဘိ |
| စတုတ္ထီ | ဣတ္ထိယာ | ဣတ္ထီနံ |
| ပဉ္စမီ | ဣတ္ထိယာ | ဣတ္ထီဟိ၊ ဣတ္ထီဘိ |
| ဆဋ္ဌီ | ဣတ္ထိယာ | ဣတ္ထီနံ |
| သတ္တမီ | ဣတ္ထိယာ၊ ဣတ္ထိယံ | ဣတ္ထီသု |

## ဤကာရန္တ ဣတ္ထိလိင် နာမ်ပုဒ်များ

| | | | |
|---|---|---|---|
| နဒီ | မြစ် | ပထဝီ(ဘူမိ) | မြေကြီး |
| ကုန္နဒီ | မြစ်ငယ် | မဟီ | မြစ်၊မြေ |
| ဒေဝီ | မိဖုရား၊ နတ်သမီး | ဝါပီ | ရေကန်၊ ရေတွင်း |
| ဣတ္ထီ | မိန်းမ | ပေါက္ခရဏီ | ရေကန် |
| ကုမာရီ | မိန်းကလေး၊အပျို | ကဒလီ | ငှက်ပျောပင် |
| တရုဏီ | အပျို | ဝလ္လီ | နွယ်ပင် |
| ဘဂိနီ | နှမ | ဘေရီ | စည်ကြီး |
| ဘိက္ခုနီ | ရဟန်းမ | ဘိသိ | ဘုံလျှို (ဖုံ) |
| ယက္ခီ | ဘီလူးမ | ပစ္စရီ | ဖောင် |
| ဝါနရီ | မျောက်မ | ဒဗ္ဗီ | ဇွန်း၊ ယောက်မ |
| မိဂီ | သမင်မ | သိရီ | ကျက်သရေ |
| ကာကီ | ကျီးမ | ဃဋီ | အိုး |
| ဗြာဟ္မဏီ | ပုဏ္ဏေးမ | မာတုလာနီ | အရီးကြီး၊အရီးလေး |
| သခီ | မိတ်ဆွေမ | ဝရုဏီ | နတ်ကတော် |
| ကိန္နရီ | ကိန္နရာမ | ဒဟရီ | မိန်းမငယ် |
| အဇီ | ဆိတ်မ | စေဋီ | ကျွန်မ |
| သီဟီ | ခြင်္သေ့မ | | |
| ကုက္ကုဋီ | ကြက်မ | | |

## ဥကာရန္တ ပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပထမာ | ကတ္တာ | ဥ | ဦ၊ အဝေါ |
| ပထမာ | အာလပန | ဥ | ဦ၊ အဝေါ၊ အဝေါ |
| ဒုတိယာ | ကမ္မ | ဥံ | ဦ၊ အဝေါ |
| တတိယာ | ကရဏ | နာ | ဦဟိ၊ ဦဘိ၊ ဟိ၊ ဘိ |
| စတုတ္ထီ | သမ္ပဒါန | နော၊ဿ | ဦနံ၊ နံ၊ |
| ပဉ္စမီ | အပါဒါန | သ္မာ၊ မှာ၊နာ | ဦဟိ၊ ဦဘိ၊ ဟိ၊ ဘိ |
| ဆဋ္ဌီ | သာမိ | နော၊ ဿ | ဦနံ၊ နံ |
| သတ္တမီ | ဩကာသ | သ္မိံ၊ မှိ | ဦသု၊ သု |

## ဥကာရန္တ ဘိက္ခုဟူသော ပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ဘိက္ခု | ဘိက္ခူ၊ ဘိက္ခဝေါ |
| ပထမာ (အာလပန) | (ဘော) ဘိက္ခု | (ဘောန္တော) ဘိက္ခူ ဘိက္ခဝေ၊ ဘိက္ခဝေါ |
| ဒုတိယာ | ဘိက္ခုံ | ဘိက္ခူ၊ ဘိက္ခဝေါ |
| တတိယာ | ဘိက္ခုနာ | ဘိက္ခူဟိ၊ ဘိက္ခူဘိ၊ ဘိက္ခုဟိ၊ ဘိက္ခုဘိ |
| စတုတ္ထီ | ဘိက္ခုနော၊ ဘိက္ခုဿ | ဘိက္ခူနံ၊ ဘိက္ခုနံ |
| ပဉ္စမီ | ဘိက္ခုသ္မာ၊ ဘိက္ခုမှာ ဘိက္ခုနာ | ဘိက္ခူဟိ၊ ဘိက္ခူဘိ ဘိက္ခုဟိ၊ ဘိက္ခုဘိ |
| ဆဋ္ဌီ | ဘိက္ခုနော၊ ဘိက္ခုဿ | ဘိက္ခူနံ၊ ဘိက္ခုနံ |
| သတ္တမီ | ဘိက္ခုသ္မိံ၊ ဘိက္ခုမှိ | ဘိက္ခူသု၊ ဘိက္ခုသု |

## ဥကာရန္တ ပုလ္လိင် နာမ်ပုဒ်များ

| | | | |
|---|---|---|---|
| ဘိက္ခု | ရဟန်း | ဝေဠု | ဝါး |
| ဂုရု | ဆရာ | ပသု | သားကောင် |
| ဗန္ဓု | အဆွေခင်ပွန်း | ဖရသု | ပုဆိန် |
| သတ္တု | ရန်သူ | ကဋစ္ဆု | ဇွန်း၊ ယောက်မ |
| ဘာဏု | နေ | ဥစ္ဆု | ကြံ |
| သေတု | တံတား | မစ္စု | သေခြင်း |
| ကေတု | အလံ၊ တံခွန် | ဘတ္တု | အရှင်, သခင်, လင် |
| ဟေတု | အကြောင်း | နတ္တု | မြေး |

## ဥကာရန္တ နပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပထမာ | ကတ္တာ | ဥ | ဦ၊ ဦနိ |
| ပထမာ | အာလပန | ဥ | ဦ၊ ဦနိ |
| ဒုတိယာ | ကမ္မ | ဥံ | ဦ၊ ဦနိ |
| တတိယာ | ကရဏ | နာ | ဦဟိ၊ ဦဘိ၊ ဟိ၊ ဘိ |
| စတုတ္ထီ | သမ္ပဒါန | နော၊ ဿ | ဦနံ၊ နံ |

| | | | |
|---|---|---|---|
| ပဉ္စမီ | အပါဒါန | သွာ၊ မှာ၊ နာ | ဦဟိ၊ ဦဘိ၊ ဟိ၊ ဘိ |
| ဆဋ္ဌီ | သာမိ | နော၊ ဿ | ဦနံ၊ နံ |
| သတ္တမီ | ဩကာသ | သ္မိံ၊ မှိ | ဦသု၊ သု |

## ဥကာရန္တ အာယုဟူသော နပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | အာယု | အာယူ၊ အာယူနိ |
| ပထမာ (အာလုပ်) | (ဟေ)အာယု | (ဟေ) အာယူ၊ အာယူနိ |
| ဒုတိယာ | အာယုံ | အာယူ၊ အာယူနိ |
| တတိယာ | အာယုနာ | အာယူဟိ၊ ဘိ၊ အာယုဟိ၊ ဘိ |
| စတုတ္ထီ | အာယုနော၊ အာယုဿ | အာယူနံ၊ အာယုနံ |
| ပဉ္စမီ | အာယုသ္မာ၊ အာယုမှာ အာယုနာ | အာယူဟိ၊ ဘိ၊ အာယုဟိ၊ ဘိ |
| ဆဋ္ဌီ | အာယုနော၊ အာယုဿ | အာယူနံ၊ အာယုနံ |
| သတ္တမီ | အာယုသ္မိံ၊ အာယုမှိ | အာယူသု၊ အာယုသု |

## ဥက္ကာရန္တ နပုလ္လိင် နာမ်ပုဒ်များ

| | | | |
|---|---|---|---|
| စက္ခု | မျက်စိ | အာယု | အသက် |
| မဿု | မုတ်ဆိတ် | မဓု | ပျားရည် |
| အဿု | မျက်ရည် | အမ္ဗု | အနာ |
| ဝသု | ပစ္စည်းဥစ္စာ | ဒါရု | သစ်သား |
| ဝတ္ထု | ပုံပြင်၊ နေရာ | ဟိင်္ဂု | ရှိန်းခို |
| မတ္ထု | ဒိန်ရည် | ဇတု | ချိတ် |
| မန္ဒု | လေး | အမ္ဗု | ရေ |
| ဇာဏု | ဒူးခေါင်း | | |

## ဥကာရန္တ ဠတ္ထိလိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပထမာ | ကတ္တာ | ဥ | ဦ၊ ယော |
| ပထမာ | အာလပန | ဥ | ဦ၊ ယော |
| ဒုတိယာ | ကမ္မ | ဥံ | ဦ၊ ယော |
| တတိယာ | ကရဏ | ယာ | ဦဟိ၊ ဦဘိ၊ ဟိ၊ ဘိ |

| | | | |
|---|---|---|---|
| စတုတ္ထီ | သမ္ပဒါန | ယာ | ဉီနံ၊ နံ |
| ပဉ္စမီ | အပါဒါန | ယာ | ဉီဟိ၊ ဉီဘိ၊ ဟိ၊ ဘိ |
| ဆဋ္ဌီ | သာမိ | ယာ | ဉီနံ၊ နံ |
| သတ္တမီ | ဩကာသ | ယာ၊ ယံ | ဉီသု၊ သု |

## ဉကာရန္တ ဓေနုဟူသော ဣတ္ထိလိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ဓေနု | ဓေနူ၊ ဓေနုယော |
| ပထမာ (အာလုပ်) | (ဟေ) ဓေနု | (ဟေ) ဓေနူ၊ ဓေနုယော |
| ဒုတိယာ | ဓေနုံ | ဓေနူ၊ ဓေနုယော |
| တတိယာ | ဓေနုယာ | ဓေနူဟိ၊ ဘိ၊ ဓေနုဟိ၊ ဘိ |
| စတုတ္ထီ | ဓေနုယာ | ဓေနူနံ၊ ဓေနုနံ |
| ပဉ္စမီ | ဓေနုယာ | ဓေနူဟိ၊ ဘိ၊ ဓေနုဟိ၊ ဘိ |
| ဆဋ္ဌီ | ဓေနုယာ | ဓေနူနံ၊ ဓေနုနံ |
| သတ္တမီ | ဓေနုယာ၊ ဓေနုယံ | ဓေနူသု၊ ဓေနုသု |

## ဥကာရန္တ ဣတ္ထိလိင် နာမ်ပုဒ်များ

| | | | |
|---|---|---|---|
| ဓေနု | နွားမ | ဝဏ္ဏု | သဲ |
| ကရေဏု | ဆင်မ | နတ္ထု | နှာခေါင်း |
| ဟနု | မေးရိုး | တနု | ကိုယ် |
| ကာသု | တွင်း | | |
| ယာဂု | ဆံပြုတ်၊ ထမင်းနဲ့ | | |
| ဥသု | မြား | | |
| ဝိဇ္ဇု | လျှပ်စစ် | | |
| ဣရု | ဗေဒင် | | |
| ဝိဇ္ဇု | လျှပ်ပန်း | | |
| ရဇ္ဇု | ကြိုး | | |
| ဓာတု | ဓာတ် | | |
| ဥတု | ဥတု | | |
| ကဏ္ဍု (ကစ္ဆု) | ယားနာ၊ ပွေးနာ၊ ဝဲနာ | | |
| ဒဒ္ဒု | ယားနာ | | |
| မာတု | အမိ | | |
| ဒုဟိတု | သမီး | | |

## ဥကာရန္တ ပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပထမာ | ကတ္တာ | ဥ | ဦ၊ ဥဝေါ |
| ပထမာ | အာလပန | ဥ | ဦ၊ ဥဝေါ |
| ဒုတိယာ | ကမ္မ | ဥံ | ဦ၊ ဥဝေါ |
| တတိယာ | ကရဏ | ဥနာ | ဟိ၊ ဘိ |
| စတုတ္ထီ | သမ္ပဒါန | ဥနော၊ ဥဿ | နံ |
| ပဉ္စမီ | အပါဒါန | ဥသ္မာ၊ ဥမှာ၊ ဥနာ | ဟိ၊ ဘိ |
| ဆဋ္ဌီ | သာမိ | ဥနော၊ ဥဿ | နံ |
| သတ္တမီ | ဩကာသ | ဥသ္မိံ၊ ဥမှိ | သု |

## ဥကာရန္တ ဘိက္ခုဟူသော ပုလ္လိင်နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ဘိက္ခု | ဘိက္ခူ၊ ဘိက္ခဝေါ |
| ပထမာ (အာလပန) | (ဘော) ဘိက္ခု | (ဘောန္တော) ဘိက္ခူ၊ ဘိက္ခဝေါ |
| ဒုတိယာ | ဘိက္ခုံ | ဘိက္ခူ၊ ဘိက္ခဝေါ |
| တတိယာ | ဘိက္ခုနာ | ဘိက္ခူဟိ၊ ဘိက္ခူဘိ |
| စတုတ္ထီ | ဘိက္ခုနော၊ ဘိက္ခုဿ | ဘိက္ခူနံ |
| ပဉ္စမီ | ဘိက္ခုသ္မာ၊ ဘိက္ခုမှာ၊ ဘိက္ခုနာ | ဘိက္ခူဟိ၊ ဘိက္ခူဘိ |
| ဆဋ္ဌီ | ဘိက္ခုနော၊ ဘိက္ခုဿ | ဘိက္ခူနံ |
| သတ္တမီ | ဘိက္ခုသ္မိံ၊ ဘိက္ခုမှိ | ဘိက္ခူသု |

## ဦကာရန္တ ပုလ္လိင် နာမ်ပုဒ်များ

| | |
|---|---|
| ပဘူ | အစိုးရသေ၁သူ |
| ကတညူ | ပြုဖူးသော ကျေးဇူးကို သိတတ်သူ |
| ကာလညူ | အခါကာလကို သိတတ်သူ |
| အတ္ထညူ | အကျိုးကို သိသူ |
| ဓမ္မညူ | အကြောင်းကို သိသူ |
| မတ္တညူ | အတိုင်းအရှည်ကို သိသူ |
| ရတ္တညူ | ညဥ့်အပိုင်းအခြားကို သိသူ |
| ဝေဒဂူ | ရဟန္တာ |
| ဝိညူ | ပညာရှိ |
| ပါရဂူ | ကမ်းတဘက်သို့ ရောက်သူ |
| အန္တဂူ | အဆုံးသို့ ရောက်သူ |

### ဦကာရန္တ နပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ကေဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပဌမာ | ကတ္တာ | ဦ | ဦ၊ နိ |
| ပဌမာ | အာလပန | ဦ | ဦ၊ နိ |
| ဒုတိယာ | ကမ္မ | ဦံ | ဦ၊ နိ |
| တတိယာ | ကရဏ | ဦနာ | ဟိ၊ ဘိ |
| စတုတ္ထီ | သမ္ပဒါန | ဦနော၊ ဦဿ | နံ |
| ပဉ္စမီ | အပါဒါန | ဦသ္မာ၊ ဦမှာ၊ ဦနာ | ဟိ၊ ဘိ |
| ဆဋ္ဌီ | သာမိ | ဦနော၊ ဦဿ | နံ |
| သတ္တမီ | ဩကာသ | ဦသ္မိံ၊ ဦမှိ | သု |

ဦကာရန္တ ဂေါတြဘူဟူသော နပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ဂေါတြဘု | ဂေါတြဘူ၊ ဂေါတြဘူနိ |
| ပထမာ (အာလပန) | (ဟေ)ဂေါတြဘု | (ဟေ) ဂေါတြဘူ၊ ဂေါတြဘူနိ |
| ဒုတိယာ | ဂေါတြဘုံ | ဂေါတြဘူ၊ ဂေါတြဘူနိ |
| တတိယာ | ဂေါတြဘုနာ | ဂေါတြဘူဟိ၊ ဂေါတြဘူဘိ |
| စတုတ္ထီ | ဂေါတြဘုနော၊ ဂေါတြဘုဿ | ဂေါတြဘူနံ |
| ပဉ္စမီ | ဂေါတြဘုသ္မာ၊ ဂေါတြဘုမှာ၊ ဂေါတြဘုနာ | ဂေါတြဘူဟိ၊ဂေါတြဘူဘိ |
| ဆဋ္ဌီ | ဂေါတြဘုနော၊ ဂေါတြဘုဿ | ဂေါတြဘူနံ |
| သတ္တမီ | ဂေါတြဘုသ္မိံ၊ ဂေါတြဘုမှိ | ဂေါတြဘူသု |

ဂေါတြဘူ ဂေါတြဘူစိတ်၊

အဘိဘူ နှိပ်စက်တတ်သောစိတ်၊

သယမ္ဘူ အလိုလိုဖြစ်သောဉာဏ်၊

ဓမ္မညူ တရားကိုသိသောစိတ်။

## ဦကာရန္တ ဣတ္ထိလိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပထမာ | ကတ္တာ | ဦ | ဦ၊ ဥယော |
| ပထမာ | အာလပန | ဥ | ဦ၊ ဥယော |
| ဒုတိယာ | ကမ္မ | ဥံ | ဦ၊ ဥယော |
| တတိယာ | ကရဏ | ဥယာ | ဟိ၊ ဘိ |
| စတုတ္ထီ | သမ္ပဒါန | ဥယာ | နံ |
| ပဉ္စမီ | အပါဒါန | ဥယာ | ဟိ၊ ဘိ |
| ဆဋ္ဌီ | သာမိ | ဥယာ | နံ |
| သတ္တမီ | ဩကာသ | ဥယာ၊ ဥယံ | သု |

## ဦကာရန္တ ဇမ္ဗူဟူသောပုဒ် ဣတ္ထိလိင်နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ဇမ္ဗူ | ဇမ္ဗူ၊ ဇမ္ဗုယော |
| ပထမာ (အာလပန) | (ဟေ) ဇမ္ဗု | (ဟေ)ဇမ္ဗူ၊ ဇမ္ဗုယော |
| ဒုတိယာ | ဇမ္ဗုံ | ဇမ္ဗူ၊ ဇမ္ဗုယော |
| တတိယာ | ဇမ္ဗုယာ | ဇမ္ဗူဟိ၊ ဇမ္ဗူဘိ |
| စတုတ္ထီ | ဇမ္ဗုယာ | ဇမ္ဗူနံ |
| ပဉ္စမီ | ဇမ္ဗုယာ | ဇမ္ဗူဟိ၊ ဇမ္ဗူဘိ |
| ဆဋ္ဌီ | ဇမ္ဗုယာ | ဇမ္ဗူနံ |
| သတ္တမီ | ဇမ္ဗုယာ၊ ဇမ္ဗုယံ | ဇမ္ဗူသု |

## ဦကာရန္တ ဣတ္ထိလိင် နာမ်ပုဒ်များ

ဇမ္ဗူ သပြေပင်

ဝဓူ ချွေးမ

သရဘူ သရဘူမြစ်

သရဗူ အိမ်မြှောင့်တက်တူ

သုတနူ တင့်တယ်သောကိုယ်

စမူ စစ်သည်

## ဩကာရန္တ ပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပထမာ | ကတ္တာ | ဩ | အာဝေါ၊ အဝေါ |
| ပထမာ | အာလပန | ဩ | အာဝေါ၊ အဝေါ |
| ဒုတိယာ | ကမ္မ | အာဝံ၊အဝံ၊ အာဝုံ၊ အဝုံ၊ | အာဝေါ၊ အဝေါ |
| တတိယာ | ကရဏ | အာဝေန၊ အဝေန | အာဝေဟိ၊ ဘိ၊ အဝေဟိ၊ဘိ၊ ဩဟိ၊ဘိ၊ |
| စတုတ္ထီ | သမ္ပဒါန | အာဝဿ၊ အဝဿ၊ဩဿ၊ | ဥန္နံ၊ အဝံ၊ ဩနံ |
| ပဉ္စမီ | အပါဒါန | အာဝသ္မာ၊မှာ၊ အဝသ္မာ၊မှာ၊ အာဝါ၊အဝါ | အာဝေဟိ၊ ဘိ၊ အဝေဟိ၊ဘိ၊ ဩဟိ၊ဘိ။ |
| ဆဋ္ဌီ | သာမိ | အာဝဿ၊ အဝဿ၊ ဩဿ၊ | ဥန္နံ၊ အဝံ၊ ဩနံ |
| သတ္တမီ | ဩကာသ | အာဝသ္မိံ၊မှိ၊ အဝသ္မိံ၊မှိ၊ အာဝေ၊အဝေ | အာဝေသု၊အဝေသု၊ ဩသု |

## ဩကာရန္တ ဂေါဟူသောပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | ဂေါ | ဂါဝေါ၊ ဂဝေါ |
| ပဌမာ (အာလပန) | (ဟေ)ဂေါ | (ဟေ)ဂါဝေါ၊ ဂဝေါ |
| ဒုတိယာ | ဂါဝံ၊ ဂဝံ၊ ဂါဝုံ၊ ဂဝုံ | ဂါဝေါ၊ ဂဝေါ |
| တတိယာ | ဂါဝေန၊ ဂဝေန | ဂါဝေဟိ, ဘိ၊ ဂဝေဟိ, ဘိ၊ ဂေါဟိ, ဘိ |
| စတုတ္ထီ | ဂါဝဿ၊ ဂဝဿ | ဂုန္နံ၊ ဂဝံ၊ ဂေါနံ |
| ပဉ္စမီ | ဂါဝသ္မာ, မှာ၊ ဂဝသ္မာ, မှာ၊ ဂါဝါ, ဂဝါ | ဂါဝေဟိ, ဘိ၊ ဂဝေဟိ, ဘိ၊ ဂေါဟိ, ဘိ၊ |
| ဆဋ္ဌီ | ဂါဝဿ၊ ဂဝဿ | ဂုန္နံ၊ ဂဝံ၊ ဂေါနံ |
| သတ္တမီ | ဂါဝသ္မိံ, မှိ၊ ဂဝသ္မိံ, မှိ၊ ဂါဝေ၊ ဂဝေ | ဂါဝေသု၊ ဂဝေသု၊ ဂေါသု |

## ဩကာရန္တ နပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပဌမာ | ကတ္တာ | ဥ | ဦ၊ ဦနိ |
| ပဌမာ | အာလပန | ဥ | ဦ၊ ဦနိ |
| ဒုတိယာ | ကမ္မ | ဥံ | ဦ၊ ဦနိ |
| တတိယာ | ကရဏ | ဥနာ | ဦဟိ, ဘိ၊ ဥဟိ, ဘိ |
| စတုတ္ထီ | သမ္ပဒါန | ဥနော၊ ဥဿ | ဦနံ၊ ဥနံ |
| ပဉ္စမီ | အပါဒါန | ဥသ္မာ, ဥမှာ, ဥနာ | ဦဟိ, ဘိ၊ ဥဟိ, ဘိ |
| ဆဋ္ဌီ | သာမိ | ဥနော၊ ဥဿ | ဦနံ၊ ဥနံ |
| သတ္တမီ | ဩကာသ | ဥသ္မိံ, ဥမှိ | ဦသု၊ ဥသု |

## ဩကာရန္တ စိတ္တဂေါ ဟူသော နပုလ္လိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | စိတ္တဂု | စိတ္တဂူ၊ စိတ္တဂူနိ |
| ပထမာ (အာလပန) | (ဟေ)စိတ္တဂု | (ဟေ)စိတ္တဂူ၊ စိတ္တဂူနိ |
| ဒုတိယာ | စိတ္တဂုံ | စိတ္တဂူ၊ စိတ္တဂူနိ |
| တတိယာ | စိတ္တဂုနာ | စိတ္တဂူဟိ, ဘိ၊ စိတ္တဂုဟိ,ဘိ၊ |
| စတုတ္ထီ | စိတ္တဂုနော၊စိတ္တဂုဿ | စိတ္တဂူနံ၊ စိတ္တဂုနံ |
| ပဉ္စမီ | စိတ္တဂုသ္မာ၊စိတ္တဂုမှာ၊ စိတ္တဂုနာ | စိတ္တဂူဟိ, ဘိ၊ စိတ္တဂုဟိ, ဘိ |
| ဆဋ္ဌီ | စိတ္တဂုနော၊စိတ္တဂုဿ | စိတ္တဂူနံ၊ စိတ္တဂုနံ |
| သတ္တမီ | စိတ္တဂုသ္မိံ၊ စိတ္တဂုမှိ | စိတ္တဂူသု၊ စိတ္တဂုသု |

## ဩကာရန္တ ဣတ္ထိလိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဝိဘတ်အနက် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|---|
| ပထမာ | ကတ္တာ | ဩ၊ အာဝီ | အာဝီ၊ အာဝိယော |
| ပထမာ | အာလပန | ဩ၊ အာဝိ | အာဝီ၊ အာဝိယော |
| ဒုတိယာ | ကမ္မ | အာဝိံ၊ အာဝိယံ | အာဝီ၊ အာဝိယော |
| တတိယာ | ကရဏ | ဣယာ | ဤဟိ, ဘိ |
| စတုတ္ထီ | သမ္ပဒါန | ဣယာ | ဤနံ |
| ပဉ္စမီ | အပါဒါန | ဣယာ | ဤဟိ, ဘိ |
| ဆဋ္ဌီ | သာမိ | ဣယာ | ဤနံ |
| သတ္တမီ | ဩကာသ | ဣယာ, ဣယံ | ဤသု |

## ဣြကာရန္တ ဂေါဟူသော ဣတ္ထိလိင် နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | ဂေါ၊ ဂါဝီ | ဂါဝီ၊ ဂါဝိယော |
| ပဌမာ (အာလပန) | (ဟေ) ဂေါ၊ ဂါဝိ | (ဟေ) ဂါဝီ၊ ဂါဝိယော |
| ဒုတိယာ | ဂါဝိံ၊ ဂါဝိယံ | ဂါဝီ၊ ဂါဝိယော |
| တတိယာ | ဂါဝိယာ | ဂါဝီဟိ, ဘိ |
| စတုတ္ထီ | ဂါဝိယာ | ဂါဝီနံ |
| ပဉ္စမီ | ဂါဝိယာ | ဂါဝီဟိ, ဘိ |
| ဆဋ္ဌီ | ဂါဝိယာ | ဂါဝီနံ |
| သတ္တမီ | ဂါဝိယာ, ဂါဝိယံ | ဂါဝီသု |

## (၂၀) ဗျည်းဆုံးနာမ်ပုဒ်များ ဝိဘတ်သွယ်ပုံ

ဗျည်းဆုံးသော နာမ်ပုဒ်များသို့ ဝိဘတ်သွယ်သောအခါ အဆုံးဗျည်းကိုချေ၍လည်းကောင်း, အဆုံးဗျည်း၏ရှေး၌ရှိသော သရတို့ကို သရရှည်ပြု၍လည်းကောင်း ဝိဘတ်သွယ်ရပါသည်။

ပုံစံများ –

ရာဇန်=ရာဇာ=မင်း
ပုမန်=ပုမာ=ယောကျာ်း
ဗြဟ္မန်=ဗြဟ္မာ=ဗြဟ္မာမင်း
အတ္တန်=အတ္တာ=ကိုယ်
ပိတရ်=ပိတာ=ဖခင်
မာတရ်=မာတာ=မိခင်

သတ္တရ်=သတ္တာ=ဆရာ

အရဟန်=အရဟန္တ=ရဟန္တာ

ဘဝန္တ်=ဘဝံ=အရှင်

မနသ်=မနော=စိတ်

အာယုသ်=အာယု=အသက်

## ရာဇာဒိဂိုဏ်း

ရာဇန်ဟူသော ဗျဉ္ဇနန္တနာမ်ပုဒ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ရာဇာ | ရာဇာ၊ ရာဇာနော |
| ပထမာ (အာလပန) | (ဘော) ရာဇ, ရာဇာ | (ဘဝန္တော) ရာဇာ, ရာဇာနော |
| ဒုတိယာ | ရာဇံ, ရာဇာနံ | ရာဇေ, ရာဇာနော |
| တတိယာ | ရာဇေန, ရညာ | ရာဇေဟိ, ဘိ၊ ရာဇူဟိ, ဘိ |
| စတုတ္ထီ | ရာဇဿ, ရာဇိနော, ရညော | ရာဇာနံ, ရာဇူနံ, ရညံ |
| ပဉ္စမီ | ရာဇသ္မာ, ရာဇမှာ, ရာဇာ, ရညာ | ရာဇေဟိ, ဘိ၊ ရာဇူဟိ, ဘိ |
| ဆဋ္ဌီ | ရာဇဿ, ရာဇိနော, ရညော၊ | ရာဇာနံ, ရာဇူနံ, ရညံ |
| သတ္တမီ | ရာဇသ္မိံ, ရာဇမှိ, ရာဇေ, ရညေ, ရာဇိနိ | ရာဇေသု, ရာဇူသု |

## ပုမန်ဟူသော ဗျဥ္စနန္တနာမ်ပုဒ်ကို ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | ပုမေ၊ ပုမာ | ပုမာ၊ ပုမာနော |
| ပဌမာ (အာလပန) | (ဟေ) ပုမံ၊ ပုမ၊ ပုမာ | (ဟေ) ပုမာ၊ ပုမာနော |
| ဒုတိယာ | ပုမာနံ၊ ပုမံ | ပုမေ၊ ပုမာနော |
| တတိယာ | ပုမေန၊ ပုမာနာ၊ ပုမုနာ | ပုမေဟိ၊ ဘိ၊ ပုမာနေဟိ၊ ဘိ |
| စတုတ္ထီ | ပုမုနော၊ ပုမဿ | ပုမာနံ |
| ပဥ္စမီ | ပုမသ္မာ၊ ပုမမှာ၊ ပုမာ၊ ပုမုနာ | ပုမေဟိ၊ ဘိ၊ ပုမာနေဟိ၊ ဘိ |
| ဆဋ္ဌီ | ပုမုနော၊ ပုမဿ | ပုမာနံ |
| သတ္တမီ | ပုမသ္မိံ၊ ပုမမှိ၊ ပုမေ၊ ပုမာနေ၊ | ပုမေသု၊ ပုမာသု၊ ပုမာနေသု |

## ဗြဟ္မန်ဟူသော ဗျဥ္စနန္တနာမ်ပုဒ်ကိုဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | ဗြဟ္မာ၊ | ဗြဟ္မာ၊ ဗြဟ္မာနော |
| ပဌမာ (အာလပန) | (ဘော) ဗြဟ္မေ၊ ဗြဟ္မ၊ ဗြဟ္မာ | (ဘဝန္တော) ဗြဟ္မာ၊ ဗြဟ္မာနော |
| ဒုတိယာ | ဗြဟ္မာနံ ဗြဟ္မံ | ဗြဟ္မေ၊ ဗြဟ္မာနော |
| တတိယာ | ဗြဟ္မေန၊ ဗြဟ္မုနာ | ဗြဟ္မေဟိ၊ ဘိ၊ ဗြဟ္မူဟိ၊ ဘိ |
| စတုတ္ထီ | ဗြဟ္မုနော၊ ဗြဟ္မဿ | ဗြဟ္မာနံ၊ ဗြဟ္မူနံ |
| ပဥ္စမီ | ဗြဟ္မသ္မာ၊ ဗြဟ္မမှာ၊ ဗြဟ္မာ၊ ဗြဟ္မုနာ | ဗြဟ္မေဟိ၊ ဘိ၊ ဗြဟ္မူဟိ၊ ဘိ |
| ဆဋ္ဌီ | ဗြဟ္မုနော၊ ဗြဟ္မဿ | ဗြဟ္မာနံ၊ ဗြဟ္မူနံ |
| သတ္တမီ | ဗြဟ္မသ္မိံ၊ ဗြဟ္မမှိ၊ ဗြဟ္မေ၊ ဗြဟ္မနိ | ဗြဟ္မေသု၊ ဗြဟ္မူသု |

## အတ္တန် ဟူသော ဗျဉ္ဇနန္တနာမ်ပုဒ်ကို ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | အတ္တာ | အတ္တာ, အတ္တာနော |
| ပထမာ (အာလပန) | (ဘော) အတ္တ, အတ္တာ | (ဘဝန္တော) အတ္တာ အတ္တာနော |
| ဒုတိယာ | အတ္တာနံ, အတ္တံ | အတ္တာနော, အတ္တေ |
| တတိယာ | အတ္တေန, အတ္တနာ | အတ္တေဟိ, ဘိ, အတ္တနေဟိ, ဘိ |
| စတုတ္ထီ | အတ္တနော, အတ္တဿ | အတ္တာနံ |
| ပဉ္စမီ | အတ္တသ္မာ, အတ္တမှာ, အတ္တာ, အတ္တနာ | အတ္တေဟိ, ဘိ၊ အတ္တနေဟိ, ဘိ |
| ဆဋ္ဌီ | အတ္တနော, အတ္တဿ | အတ္တာနံ |
| သတ္တမီ | အတ္တသ္မိံ, အတ္တမှိ, အတ္တေ, အတ္တနိ | အတ္တေသု, အတ္တနေသု |

## ပိတုရ်ဟူသော ဗျဉ္ဇနန္တနာမ်ပုဒ်ကို ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ပိတာ | ပိတာ, ပိတရော |
| ပထမာ (အာလပန) | (ဘော) ပိတ, ပိတာ | (ဘဝန္တော) ပိတာ, ပိတရော |
| ဒုတိယာ | ပိတရံ, ပိတုံ | ပိတရော, ပိတရေ |
| တတိယာ | ပိတရာ, ပိတုနာ | ပိတူဟိ, ဘိ၊ ပိတရေဟိ, ဘိ |

| | | |
|---|---|---|
| စတုတ္ထီ | ပိတု, ပိတုနော, ပိတုဿ | ပိတာနံ, ပိတူနံ, ပိတရာနံ |
| ပဉ္စမီ | ပိတုသ္မာ, ပိတုမှာ, ပိတရာ, ပိတုနာ | ပိတူဟိ, ဘိ၊ ပိတရေဟိ, ဘိ |
| ဆဋ္ဌီ | ပိတု, ပိတုနော, ပိတုဿ | ပိတာနံ, ပိတူနံ, ပိတရာနံ |
| သတ္တမီ | ပိတုသ္မိံ, ပိတုမှိ, ပိတရိ | ပိတူသု, ပိတရေသု |

### မာတရ်ဟူသော ဗျဉ္ဇနန္တနာမ်ပုဒ်ကို ဝိဘတ်သွယ်ပုံ

| **ဝိဘတ်** | **ဧကဝုစ်** | **ဗဟုဝုစ်** |
|---|---|---|
| ပဌမာ | မာတာ | မာတရော |
| ပဌမာ (အာလပန) | (ဘောတိ) မာတ, မာတာ | (ဘောတိယော) မာတရော |
| ဒုတိယာ | မာတရံ, မာတုံ | မာတရော |
| တတိယာ | မာတရာ, မာတုယာ, မတျာ | မာတူဟိ, ဘိ, မာတရေဟိ, ဘိ |
| စတုတ္ထီ | မာတု, မာတုဿ, မာတုယာ, မတျာ | မာတာနံ, မာတူနံ, မာတရာနံ |
| ပဉ္စမီ | မာတရာ, မာတုယာ, မတျာ | မာတူဟိ, ဘိ, မာတရေဟိ, ဘိ |
| ဆဋ္ဌီ | မာတု, မာတုဿ, မာတုယာ, မတျာ | မာတာနံ, မာတူနံ, မာတရာနံ |
| သတ္တမီ | မာတုယာ, မတျာ, မာတုယံ, မတျံ, မာတရိ | မာတူသု, မာတရေသု, |

## သတ္တရ်ဟူသော ဗျဥ္ဇနန္တနာမ်ပုဒ်ကို ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | သတ္ထာ | သတ္ထာ,သတ္ထာရော |
| ပထမာ (အာလပန) | (ဘော)သတ္ထ, သတ္ထာ | (ဘဝန္တော)သတ္ထာ သတ္ထာရော |
| ဒုတိယာ | သတ္ထာရံ,သတ္ထုံ | သတ္ထာရော,သတ္ထာရေ |
| တတိယာ | သတ္ထာရာ,သတ္ထုနာ | သတ္ထူဟိ,ဘိ၊သတ္ထာရေဟိ,ဘိ |
| စတုတ္ထီ | သတ္ထု,သတ္ထုနော,သတ္ထုဿ | သတ္ထာနံ,သတ္ထူနံ,သတ္ထာရာနံ |
| ပဉ္စမီ | သတ္ထုသ္မာ,သတ္ထုမှာ, သတ္ထာရာ,သတ္ထုနာ | သတ္ထူဟိ, ဘိ၊ သတ္ထာရေဟိ, ဘိ |
| ဆဋ္ဌီ | သတ္ထု,သတ္ထုနော,သတ္ထုဿ | သတ္ထာနံ,သတ္ထူနံ, သတ္ထာရာနံ |
| သတ္တမီ | သတ္ထုသ္မိံ,သတ္ထုမှိ,သတ္ထရိ | သတ္ထူသု,သတ္ထာရေသု |

## ဘဝတ်ဟူသော ဗျဥ္ဇနန္တနာမ်ပုဒ်ကို ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ဘဝံ,ဘဝန္တော | ဘဝန္တာ,ဘဝန္တော |
| ပထမာ (အာလပန) | (ဟေ)ဘဝံ,ဘဝ,ဘဝါ | (ဟေ)ဘဝန္တာ, ဘဝန္တော |
| ဒုတိယာ | ဘဝန္တံ | ဘဝန္တေ |
| တတိယာ | ဘဝန္တေန,ဘဝတာ | ဘဝန္တေဟိ,ဘိ |

| | | |
|---|---|---|
| စတုတ္ထီ | ဘဝန္တဿ,ဘဝတော | ဘဝတံ,ဘဝန္တာနံ |
| ပဉ္စမီ | ဘဝန္တသ္မာ,ဘဝန္တမှာ, ဘဝတာ,ဘဝန္တာ | ဘဝန္တေဟိ,ဘိ |
| ဆဋ္ဌီ | ဘဝန္တဿ,ဘဝတော | ဘဝတံ,ဘဝန္တာနံ |
| သတ္တမီ | ဘဝန္တသ္မိံ,ဘဝန္တမှိ,ဘဝတိ, ဘဝန္တေ | ဘဝန္တေသု |

## မနသ်ဟူသော ဗျဉ္ဇနန္တနာမ်ပုဒ်ကို ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | မနော | မနာ |
| ပထမာ (အာလပန) | (ဘော)မန,မနာ | (ဘဝန္တော)မနာ |
| ဒုတိယာ | မနံ,မနော | မနေ |
| တတိယာ | မနေန,မနသာ | မနေဟိ,မနေဘိ |
| စတုတ္ထီ | မနဿ,မနသော | မနာနံ |
| ပဉ္စမီ | မနသ္မာ,မနမှာ,မနာ | မနေဟိ, မနေဘိ |
| ဆဋ္ဌီ | မနဿ,မနသော | မနာနံ |
| သတ္တမီ | မနသ္မိံ,မနမှိ,မနသိ,မနေ | မနေသု |

## အာယုသ်ဟူသော ဗျဉ္ဇနန္တနာမ်ပုဒ်ကို ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | အာယု | အာယူ, အာယူနိ |
| ပဌမာ (အာလပန) | (ဟေ) အာယု | (ဟေ)အာယူ, အာယူနိ |
| ဒုတိယာ | အာယုံ | အာယူ, အာယူနိ |
| တတိယာ | အာယုနာ | အာယူဟိ,ဘိ |
| စတုတ္ထီ | အာယုနော, အာယုဿ | အာယူနံ |
| ပဉ္စမီ | အာယုသ္မာ, အာယုမှာ, အာယုနာ | အာယူဟိ,ဘိ |
| ဆဋ္ဌီ | အာယုနော, အာယုဿ | အာယူနံ |
| သတ္တမီ | အာယုသ္မိံ, အာယုမှိ | အာယူသု |

### လေ့ကျင့်ခန်း

(၁) အောက်ပါ နာမ်ပုဒ်များကို လိင်နှင့် ကာရန္တ ခွဲပြပါ။
ဒီပ၊ အဂ်၊ ပါန၊ ပါဒ၊ ပဘာ၊ ရာ၊ ကပိ၊ ဝါရိ၊ သိဒ္ဓိ၊ ဝေရီ၊ ဝါပီ၊ ပသု၊ ဝသု၊ ယာဂု၊ ပဘူ၊ ဝဓူ။

(၂) အောက်ပါနာမ်ပုဒ်များကို ကိန်းစုံဝိဘတ်သွယ်ပါ။
ဒေဝ၊ ဓန၊ ဂင်္ဂါ၊ ကဝိ၊ ဒဓိ၊ ဘတိ၊ ဝေရီ၊ ဝါနရီ၊ ဂုရု။

(၃) အောက်ပါနာမ်ပုဒ်များကို ဧကဝုစ်ဝိဘတ်များဖြင့် သွယ်ပါ။
စက္ခု၊ ဓာတု၊ ဝိညူ၊ စမူ။

(၄) အောက်ပါနာမ်ပုဒ်များကို ကမ္မ ကရဏ သြကာသ ကာရကတို့ဖြင့် ကိန်းစုံ ဝိဘတ်သွယ်ပါ။
မိတ္တ၊ စိတ္တ၊ ဉာတိ၊ သပ္ပိ၊ ဇလ္လု။

(၅) အောက်ပါ ဗျဉ္ဇနန္တ နာမ်ပုဒ်များကို ကိန်းစုံ ဝိဘတ်သွယ်ပါ။
ရာဇန်၊ အတ္တန်၊ မနသ်၊ မာတရ်၊ အာယုသ်။

## ပုမာဒိဂိုဏ်း

### အကာရန္တ ပုမဟူသောပုဒ်ကို နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | ပုမာ | ပုမာနော |
| ပဌမာ (အာလပန) | (ဘော) ပုမံ | (ဘော) ပုမာ၊ ပုမာနော |
| ဒုတိယာ | ပုမံ | ပုမာနော |
| တတိယာ | ပုမာနာ၊ ပုမုနာ၊ ပုမေန | ပုမာနေဟိ, ဘိ |
| စတုတ္ထီ | ပုမုနော၊ ပုမဿ | ပုမာနံ |
| ပဉ္စမီ | ပုမုနာ | ပုမာနေဟိ, ဘိ |
| ဆဋ္ဌီ | ပုမုနော, ပုမဿ | ပုမာနံ |
| သတ္တမီ | ပုမေ၊ ပုမသ္မိံ၊ ပုမမှိ၊ ပုမာနေ | ပုမေသု၊ ပုမာသု |

### ပုလ္လိင် ဂုဏဝါဒိဂိုဏ်း ဂုဏဝန္တု ဟူသောပုဒ်ကို နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | ဂုဏဝါ၊ ဂုဏဝန္တော | ဂုဏဝန္တာ၊ ဂုဏဝန္တော |
| ပဌမာ (အာလပန) | (ဘော)ဂုဏဝံ၊ဂုဏဝ၊ဂုဏဝါ | (ဘောန္တော) ဂုဏဝန္တာ၊ ဂုဏဝန္တော |
| ဒုတိယာ | ဂုဏဝံ၊ ဂုဏဝန္တံ | ဂုဏဝန္တေ |
| တတိယာ | ဂုဏဝတာ၊ ဂုဏဝန္တေန | ဂုဏဝန္တေဟိ, ဘိ၊ |
| စတုတ္ထီ | ဂုဏဝတော၊ ဂုဏဝန္တဿ ဂုဏဝဿ | ဂုဏဝတံ၊ ဂုဏဝန္တာနံ |

ပဉ္စမီ ဂုဏဝန္တသ္မာ၊ မှာ၊ ဂုဏဝန္တာ ၊ ဂုဏဝန္တေဟိ, ဘိ
ဂုဏဝတာ

ဆဋ္ဌီ ဂုဏဝတော၊ ဂုဏဝန္တဿ၊ ဂုဏဝတံ၊ ဂုဏဝန္တာနံ
ဂုဏဝသ

သတ္တမီ ဂုဏဝန္တသ္မိံ ၊ မှိ၊ ဂုဏဝန္တေ၊ ဂုဏဝန္တေသု
ဂုဏဝတိ

## ဂုဏဝါဒိဂိုဏ်းဝင်ပုဒ်များ

| | |
|---|---|
| ဂုဏဝါ ဂုဏ်ရှိသောသူ | ဂတိမာ တည်ကြည်ခြင်း ရှိသောသူ |
| ဂဏဝါ ဂိုဏ်းရှိသောသူ | မတိမာ ပညာရှိသောသူ |
| ဓနဝါ ဥစ္စာရှိသောသူ | မုတိမာ ပညာရှိသောသူ |
| ယတဝါ လုံ့လရှိသောသူ | ဗုဒ္ဓိမာ ပညာရှိသောသူ |
| ယသဝါ အခြံအရံရှိသောသူ | ဇုတိမာ အရောင်ရှိသောသူ |
| ကုလဝါ အမျိုးရှိသောသူ | ထုတိမာ ချီးမွမ်းခြင်း ရှိသောသူ |
| သုတဝါ အကြားအမြင် ရှိသောသူ | ရုစိမာ အလိုရှိသောသူ |
| ပညဝါ ပညာရှိသောသူ | စက္ခုမာ မျက်စိရှိသောသူ |
| ပဏ္ဏဝါ ပညာရှိသောသူ | ပါပိမာ မကောင်းမှု ရှိသောသူ |
| ပုညဝါ ဘုန်းရှိသောသူ | ပုတ္တိမာ သားရှိသောသူ |
| ဝဏ္ဏဝါ အဆင်းရှိသောသူ | ဗန္ဓုမာ အဆွေခင်ပွန်း ရှိသောသူ |
| သီလဝါ သီလရှိသောသူ | ဘာဏုမာ အရောင်ရှိသောသူ |
| ထာမဝါ အင်အားရှိသောသူ | ဗလိမာ အခွန်ရှိသောသူ |

## ဂစ္ဆန္တာဒိဂိုဏ်း

### အကာရန္တ ဂစ္ဆန္တဟူသောနာမ်ပုဒ်ကို ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | ဂစ္ဆံ၊ ဂစ္ဆန္တော | ဂစ္ဆန္တော၊ ဂစ္ဆန္တာ |
| ပဌမာ (အာလပန) | (ဘော) ဂစ္ဆံ၊ ဂစ္ဆ၊ ဂစ္ဆာ | (ဘဝန္တော) ဂစ္ဆန္တော၊ ဂစ္ဆန္တာ |
| ဒုတိယာ | ဂစ္ဆံ၊ ဂစ္ဆန္တံ | ဂစ္ဆန္တေ |
| တတိယာ | ဂစ္ဆတာ၊ ဂစ္ဆန္တေန | ဂစ္ဆန္တေဟိ, ဘိ |
| စတုတ္ထီ | ဂစ္ဆတော၊ ဂစ္ဆန္တဿ | ဂစ္ဆတံ၊ ဂစ္ဆန္တာနံ |
| ပဉ္စမီ | ဂစ္ဆန္တသ္မာ၊ မှာ၊ န္တာ၊ ဂစ္ဆတာ | ဂစ္ဆန္တေဟိ၊ ဘိ |
| ဆဋ္ဌီ | ဂစ္ဆတော၊ ဂစ္ဆန္တဿ | ဂစ္ဆတံ၊ ဂစ္ဆန္တာနံ |
| သတ္တမီ | ဂစ္ဆန္တသ္မိံ၊ မှိ၊ ဂစ္ဆန္တေ၊ ဂစ္ဆတိ | ဂစ္ဆန္တေသု |

### ဂစ္ဆန္တာဒိဂိုဏ်းဝင်ပုဒ်များ

ဂစ္ဆံ သွားသောသူ
ဇဟံ စွန့်သောသူ
ဇုဟံ ပူဇော်သောသူ
မဟံ ပူဇော်ကြီးမြတ်သောသူ
စရံ သွား, ကျင့်သောသူ
တိဋ္ဌံ ရပ်သောသူ
ဒဒံ ပေးသောသူ
ဘုဉ္ဇံ စားသောသူ

မိယံ သေသောသူ
ဝဇံ သွားသောသူ
သရံ အောက်မေ့သောသူ
ကိဏံ ဝယ်သောသူ
ဒိသံ ကြည့်ရှုသောသူ
ဒက္ခံ ကြည့်ရှုသောသူ
ပဿံ ကြည့်ရှုသောသူ
ဝဟံ ရွက်ဆောင်သောသူ

| | |
|---|---|
| ဇပ် ရွတ်ဆိုသောသူ | သယံ အိပ်သောသူ |
| ဇယံ အောင်သောသူ | ဂဏှံ ယူသောသူ |
| ကရံ ပြုသောသူ | ပစံ ချက်သောသူ |
| ဇိရံ ဟွေးမြေ့သောသူ | ပိဝံ သောက်သောသူ |
| စဝံ စုတေ သောသူ | ဇာနံ သိသောသူ |

## အမှ(ငါ=ကျွန်ုပ်)ကို နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | အဟံ | မယံ၊ အမှေ၊ နော |
| ဒုတိယာ | မံ၊ မမံ | အမှေ၊ အမှာကံ၊ နော |
| တတိယာ | မေ၊ မယာ | အမှေဟိ၊ ဘိ၊ နော |
| စတုတ္ထီ | မေ၊ မမ၊ မယှံ၊ မမံ၊ အမှ | အမှံ၊ အမှာကံ၊ အသ္မာကံ၊ နော၊ |
| ပဉ္စမီ | မယာ | အမှေဟိ၊ ဘိ |
| ဆဋ္ဌီ | မေ၊ မမ၊ မယှံ၊ မမံ၊ အမှံ | အမှံ၊ အမှာကံ၊ အသ္မာကံ၊ နော |
| သတ္တမီ | မယိ | အမှေသု |

## တုမှ(သင်၊ အရှင်)ကို နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | တွံ၊ တုဝံ | တုမှေ၊ ဝေါ |
| ဒုတိယာ | တွံ၊ တုဝံ၊ တဝံ၊ တံ | တုမှေ၊ တုမှာကံ၊ ဝေါ |
| တတိယာ | တေ၊ တယာ၊ တွယာ | တုမှေဟိ၊ ဘိ၊ ဝေါ |
| စတုတ္ထီ | တေ၊ တဝ၊ တုယှံ၊ တုမှံ၊ | တုမှံ၊ တုမှာကံ၊ ဝေါ |
| ပဉ္စမီ | တွယာ၊ တယာ၊ | တုမှေဟိ၊ ဘိ၊ ဝေါ |
| ဆဋ္ဌီ | တေ၊ တဝ၊ တုယှံ၊ တုမှံ | တုမှံ၊ တုမှာကံ၊ ဝေါ |
| သတ္တမီ | တွယိ၊ တယိ | တုမှေသု |

| ဝိဘတ် | ပုလ္လိင် | | နပုလ္လိင် | | ဣတ္ထိလိင် | |
|---|---|---|---|---|---|---|
| ပဌမာ | ယော | ယေ | ယံ | ယာနိ | ယာ | ယာ,ယာယော |
| ဒုတိယာ | ယံ | ယေ | ယံ | ယာနိ | ယံ | ယာ,ယာယော |
| တတိယာ | ယေန | ယေဟိ,ဘိ | ယေန | ယေဟိ,ဘိ | ယာယ | ယာဟိ,ဘိ |
| စတုတ္ထီ | ယဿ | ယေသံ, ယေသာနံ | ယဿ | ယေသံ, ယေသာနံ | ယာယ, ယဿာ | ယာသံ, ယာသာနံ |
| ပဉ္စမီ | ယသ္မာ,ယမှာ | ယေဟိ,ဘိ | ယသ္မာ,ယမှာ | ယေဟိ,ဘိ | ယာယ | ယာဟိ,ဘိ |
| ဆဋ္ဌီ | ယဿ | ယေသံ, ယေသာနံ | ယဿ | ယေသံ, ယေသာနံ | ယာယ, ယဿာ | ယာသံ, ယာသာနံ |
| သတ္တမီ | ယသ္မိံ,ယမှိ | ယေသု | ယသ္မိံ,ယမှိ | ယေသု | ယာယ, ယာယံ, ယဿံ | ယာသု |

## တ(ထို)ကို နာမ်ဝိဘတ်သွယ်ပုံ

| ဝိဘတ် | ပုလ္လိင် | | နပုလ္လိင် | | ဣတ္ထိလိင် | |
|---|---|---|---|---|---|---|
| ပထမာ | သော | တေ | တံ | တာနိ | သာ | တာ, တာယော |
| ဒုတိယာ | တံ | တေ | တံ | တာနိ | တံ | တာ, တာယော |
| တတိယာ | တေန | တေဟိ,တေဘိ | တေန | တေဟိ,တေဘိ | တာယ | တာဟိ,တာဘိ |
| စတုတ္ထီ | တဿ | တေသံ, တေသာနံ | တဿ | တေသံ, တေသာနံ | တဿာ, တာယ | တာသံ, တာသာနံ |
| ပဉ္စမီ | တသ္မာ,တမှာ | တေဟိ,တေဘိ | တသ္မာ,မှာ | တေဟိ,တေဘိ | တာယ | တာဟိ,တာဘိ |
| ဆဋ္ဌီ | တဿ | တေသံ, တေသာနံ | တဿ | တေသံ, တေသာနံ | တဿာ, တာယ | တာသံ, တာသာနံ |
| သတ္တမီ | တသ္မိံ,တမှိ | တေသု | တသ္မိံ,တမှိ | တေသု | တာယ, တာယံ တဿံ | တာသု |

# အခန်း ( ၄ )

## (က) ကြိယာအကြောင်း

### ကြိယာမည်ပုံ

သက်ရှိသက်မဲ့ဖြစ်သော နာမ်ပုဒ် နာမ်စားပုဒ်တို့၏ အပြုအမူကို ဖော်ပြသောပုဒ်သည် ကြိယာပုဒ်မည်၏၊ ကြိယာပုဒ်ဖြစ်ရန် ဓာတ်သို့ ပစ္စည်းနှင့်ဝိဘတ် ပေါင်းစပ်ပေးရ၏။

**ပုံစံကား** (က) ပစတိ ဟူသော ကြိယာပုဒ် ဖြစ်ရန် ပစဓာတ်သို့ အပစ္စည်းနှင့် တိဝိဘတ် ပေါင်းစပ်ပေးရ၏။

(ခ) ဒါတဗ္ဗော ဟူသော ကြိယာပုဒ် ဖြစ်ရန် ဒါဓာတ်သို့ တဗ္ဗပစ္စည်းနှင့် သိဝိဘတ် ပေါင်းစပ်ပေးရ၏။

### ကြိယာအမျိုးအစား

(က) ကြိယာသည် အာချာတ်ကြိယာ, ကိတ်ကြိယာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် စားခြင်း, သောက်ခြင်း, သွားခြင်း လာခြင်းစသော အပြုအမူကြိယာကို ပဓာနအားဖြင့် ဟောကြားတတ်သောကြိယာသည် အာချာတ်ကြိယာမည်၏၊ အာချာတ်ကြိယာဖြစ်ပေါ်ရန် ဓာတ်သို့ပစ္စည်းနှင့်အာချာတ်ဝိဘတ် ပေါင်းစပ်ပေးရ၏။

**ပုံစံကား** — ယာစ-ဓာတ်သို့ အ-ပစ္စည်းနှင့် တိ-ဝိဘတ်ပေါင်းစပ်ပေးသောအားဖြင့် ယာစတိ=တောင်း၏ ဟူသော အာချာတ်ကြိယာဖြစ်၏။

(ခ) စားခြင်း, သောက်ခြင်း, သွားခြင်း, လာခြင်း စသော အပြုအမူကြိယာကို ပြုလုပ်တတ်သောကြောင့်လည်းကောင်း၊ စသော သဒ္ဒါအနက်တို့၌ ယုံမှား သံသယကို ပယ်ဖျောက်တတ်သောကြောင့်လည်းကောင်း ကိတ်ကြိယာမည်၏။ ကိတ်ကြိယာဖြစ်ပေါ်ရန် ဓာတ်သို့ ပစ္စည်းနှင့် နာမ်ဝိဘတ် ပေါင်းစပ်ပေးရ၏။

**ပုံစံကား** — ဌာဓာတ်သို့ တ-ပစ္စည်းနှင့် နာမ်သိဝိဘတ်(သြ) ပေါင်းစပ်ပေးသောအားဖြင့် "ဌိတော"ဟူသောကိတ်ကြိယာဖြစ်၏။

## (ခ) အာချာတ်ကြိယာအကြောင်း

### အာချာတ်လက္ခဏာ

အာချာတ်ကြိယာသည် —

(၁) အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟု ကာလသုံးပါးရှိ၏။

(၂) ပဌမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်ဟု ပုရိသ်သုံးပါးရှိ၏။

(၃) သွားခြင်း, လာခြင်းစသော ကြိယာကို ပဓာနအားဖြင့် ဟောကြားတတ်၏။

(၄) ကတ္တုကာရက, ကမ္မကာရက, ဘာဝကာရကဟု ကာရကသုံးပါးရှိ၏။

(၅) ပုလ္လိင်, နပုလ္လိင်, ဣတ္ထိလိင်ဟု လိင်သုံးပါးမရှိ။

(၆) ဧကဝုစ်, ဗဟုဝုစ်ဟု ဝုစ်နှစ်ပါးရှိ၏။

## အာချာတ်ဝိဘတ်များ

အာချာတ်ဝိဘတ်သည်—

ဝတ္တမာန်ဝိဘတ်, ပဉ္စမီဝိဘတ်, သတ္တမီဝိဘတ်, ပရောက္ခာဝိဘတ်, ဟိယျတ္တနီဝိဘတ်, အဇ္ဇတနီဝိဘတ်, ဘဝိဿန္တိဝိဘတ်, ကာလာတိပတ္တိဝိဘတ်ဟူ၍ ရှစ်ပါးအပြားရှိ၏။

ဤ အာချာတ်ဝိဘတ် ရှစ်ပါးကို–

(၁) ပရဿပုဒ်, အတ္တနောပုဒ်

(၂) ပဌမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်

(၃) ဧကဝုစ်, ဗဟုဝုစ်–

အားဖြင့် ခွဲခြားသိသာစေရန် ဇယားဖြင့်ပြအံ့။

| ဝိဘတ် | ပရဿပုဒ် | | | | | | အတ္တနောပုဒ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပထမပုရိသ် | | မဇ္ဈိမပုရိသ် | | ဥတ္တမပုရိသ် | | ပထမပုရိသ် | | မဇ္ဈိမပုရိသ် | | ဥတ္တမပုရိသ် | |
| | ဧ | ဗ | ဧ | ဗ | ဧ | ဗ | ဧ | ဗ | ဧ | ဗ | ဧ | ဗ |
| ဝတ္တမာန် | တိ | အန္တိ | သိ | ထ | မိ | မ | တေ | အန္တေ | သေ | ဝှေ | ဧ | မှေ |
| ပဉ္စမီ | တု | အန္တု | ဟိ | ထ | မိ | မ | တံ | အန္တံ | ဿု | ဝှော | ဧ | အာမသေ |
| သတ္တမီ | ဧယျ | ဧယျုံ | ဧယျာသိ | ဧယျာထ | ဧယျာမိ | ဧယျာမ | ဧထ | ဧရံ | ဧထော | ဧယျာဝှော | ဧယျံ | ဧယျာမှေ |
| ပရောက္ခာ | အ | ဥ | ဧ | တ္ထ | အံ | မှ | တ္ထ | ရေ | တ္ထော | ဝှော | ဣံ | မှေ |
| ဟိယျတ္တနီ | အာ | ဦ | ဩ | တ္ထ | အံ | မှာ | တ္ထ | တ္ထုံ | သေ | ဝှံ | ဣံ | မှသေ |
| အဇ္ဇတနီ | ဤ | ဥံ | ဩ | တ္ထ | ဣံ | မှာ | အာ | ဦ | သေ | ဝှံ | အံ | မှေ |
| ဘဝိဿန္တိ | ဿတိ | ဿန္တိ | ဿသိ | ဿထ | ဿာမိ | ဿာမ | ဿတေ | ဿန္တေ | ဿသေ | ဿဝှေ | ဿံ | ဿာမှေ |
| ကာလာတိပတ္တိ | ဿာ | ဿံသု | ဿေ | ဿထ | ဿံ | ဿာမှာ | ဿထ | ဿိသု | ဿသေ | ဿဝှေ | ဿိံ | ဿာမှသေ |

## အာချာတ်ဝိဘတ် အနက်နှင့် ကာလ

### (၁) ဝတ္တမာန်ဝိဘတ်

(၁) ဖြစ်ပေါ်နေဆဲ ပစ္စုပ္ပန်ကာလ၊
(၂) ပစ္စုပ္ပန်၏ အနီးဖြစ်သော အတိတ်အနာဂတ်ကာလ၊
(၃) ပုရေ ပုရာသဒ္ဒါတို့နှင့် ယှဉ်ရာ အနာဂတ်ကာလ၊
(၄) မချွတ်ဖြစ်လတ္တံ့သော အနက်ဝယ် အနာဂတ်ကာလ၊
(၅) ကာလသုံးပါးနှင့် ဆက်ဆံသော အရာ–

တို့၌ ဝတ္တမာန်ဝိဘတ်သက်ရ၏။

#### ဆောင်ပုဒ်များ

၁။ ဖြစ်ဆဲကြိယံ၊ ပစ္စုပ္ပန်၊ ဝတ္တမာန်ဟုသိ။
၂။ အတိတ်အနာဂတ်၊ အနီးစပ်၊ သက်အပ်ဝတ္တမာန်။
၃။ ပုရေ ပုရာ၊ယှဉ်တုံလာ၊ နာဂတ်ဝတ္တမာန်။
၄။ အဝဿမ္ဘာဝိယ၊ နာဂတနှင့်၊ ကာလသုံးပါး၊ ဆက်ဆံငြား၊ ပွားလေ ဝတ္တမာန်။

### (၂) ပဥ္စမီဝိဘတ်

(၁) စေခိုင်းခြင်း
(၂) တိုက်တွန်းခြင်း
(၃) ပြည့်နှန်းသွန်သင်ခြင်း
(၄) ခေါ်ငင်ခြင်း
(၅) ပင့်ဖိတ်ခြင်း
(၆) ဆဲရေးခြင်း
(၇) ကျိန်ဆိုခြင်း၊
(၈) မေးမြန်းခြင်း၊
(၉) စုံစမ်းခြင်း၊
(၁၀) တောင်းရမ်းခြင်း၊
(၁၁) တောင်းပန်ခြင်း၊
(၁၂) တောင့်တခြင်း–

အနက်တို့၌ ပဥ္စမီဝိဘတ် သက်ရ၏။

## ဆောင်ပုဒ်များ

၁။ စခိုင်းတိုက်တွန်း၊ ပြည့္ွန်းသွန်သင်၊ ခေါ်ငင်ပင့်ဖိတ်၊ အနက်ရိပ်၊ မဆိတ် ပဥ္စမီ။

၂။ ဆဲရေးကျိန်တမ်း၊ မေးစုံစမ်းနှင့်၊ တောင်းရမ်းတောင်းပန်၊ တောင့်တသံ၊ သက်ရန် ပဥ္စမီ။

## (၃) သတ္တမီဝိဘတ်

(၁) ကြံဖန်ခြင်း၊
(၂) ခွင့်ပြုခြင်း၊
(၃) ပြည့္ွန်ခြင်း၊
(၄) တောင့်တခြင်း၊
(၅) တောင်းပန်ခြင်း၊
(၆) ပင့်ဖိတ်ခြင်း၊
(၇) ခေါ်ငင်ခြင်း၊
(၈) စုံစမ်းခြင်း၊
(၉) မေးမြန်းခြင်း၊
(၁၀) တိုက်တွန်းခြင်း၊
(၁၁) ထိုက်တန်ခြင်း၊
(၁၂) စွမ်းနိုင်ခြင်း—

အနက်တို့၌ သတ္တမီဝိဘတ်သက်ရ၏။

## ဆောင်ပုဒ်များ

၁။ ကြံဖန်ခွင့်ပြု၊ ပြည့္ွန်မှုနှင့်၊ လိုဆုတောင့်တ၊ ခယတောင်းပန်၊ ပင့်ခေါ် သံတည့်၊သိရန်စုံစမ်း၊မေးမြန်းတိုက်တွန်း၊အခန်းခန်း၊ ထွန်းစေ သတ္တမီ။

၂။ အရဟ သက္က၊ သတ္တိစသား၊ အနက်များ၊ ပွားစေ သတ္တမီ။

## (၄) ပရောက္ခာဝိဘတ်

(၁) ဖြစ်ပြီးသည်ကို မေ့လျော့ခြင်း၊
(၂) မသိယောင်မူခြင်း၊
(၃) သူတပါးတို့ပြောဆိုသံကို တဆင့်စကား ကြားသိရခြင်း— အနက်ဘို့၌ အတိတ်ကာလမှာ ပရောက္ခာဝိဘတ်သက်ရ၏။

### ဆောင်ပုဒ်

မေ့လျော့တုံဘိ၊ မသိယောင်မူ၊ သူပြောစကား၊ တဆင့်ကြား၊ တိတ်ငြား ပရောက္ခာ။

## (၅) ဟိယျတ္တနီဝိဘတ်

ယမန်နေ့ည သန်းခေါင်အခါမှ ရှေးဖြစ်သော အတိတ်ကာလ၌ ဟိယျတ္တနီဝိဘတ်သက်ရ၏။

## (၆) အဇ္ဇတနီဝိဘတ်

ယခုနေ့၌ အတိတ်မှစ၍ ရှေးဖြစ်သော အတိတ်ကာလ၌ အဇ္ဇတနီ ဝိဘတ်သက်ရ၏။

သို့သော် ဟိယျတ္တနီနှင့် အဇ္ဇတနီဝိဘတ်တို့ကို "မာ" ဟူသော ပဋိသေဓ နိပါတ်ပုဒ်နှင့် တွဲယှဉ်သည်ရှိသော် မည်သည့်ကာလမှာ သက်သည်ဟူ၍ မဆိုရ။

### ဆောင်ပုဒ်များ

၁။ ယမန်နေ့နှင့်၊ ယနေ့ကစ၊ အတီတ၊ ဟိယျအဇ္ဇတ်သာ။
၂။ မာနှင့်ယှဉ်က၊ ထိုနှစ်ဝ၊ ကာလ မဆိုသာ။

## (၇) ဘဝိဿန္တိဝိဘတ်

နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ၌ ဘဝိဿန္တိ ဝိဘတ် သက်ရ၏။ သို့သော်—

(၁) မဖြစ်ဖူးမြဲ အံ့ဖွယ်သရဲဖြစ်ခြင်း ဟူသောအနက်၊

(၂) ချီးမွမ်းခြင်းအနက်၊

(၃) ကဲ့ရဲ့ခြင်းအနက်—

တို့ကို ထွန်းပြတတ်သော နာမသဒ္ဒါနှင့် ယှဉ်ခဲ့သော် အတိတ်ကာလ၌ ဘဝိဿန္တိဝိဘတ် သက်ရ၏။

### ဆောင်ပုဒ်များ

၁။ အနာဂတံ၊ နောင်ဖြစ်ရန်၊ ဘဝိဿန်၏တာ။

၂။ အံ့ဖွယ်တပြာ၊ ပသံသာနှင့်၊ နိန္ဒာနာမ၊ ယှဉ်သမျှ၊ ကာလ အတိတ်မှာ။

## (၈) ကာလာတိပတ္တိဝိဘတ်

ကြံဆခြင်းဟူသောအနက် အနာဂတ်ကာလ အတိတ်ကာလတို့၌ ကာလာတိပတ္တိဝိဘတ် သက်ရ၏။

### ဆောင်ပုဒ်

ကာလာတိပတ်၊ ပရိကပ်၊ နာဂတ် တိတ်နှစ်ဖြာ။

အာချတ် ဝိဘတ်၏ အနက်နှင့် ကာလကို ဇယားဖြင့် ပြအံ့—

| ဝိဘတ် | ကာလ | အနက် |
|---|---|---|
| ဝတ္တမာန် | ကာလသုံးပါး | ဆဲ, ၏, သည် |
| ပဉ္စမီ | ။ | စေ,စေသတည်း, လော့,လော, ပါရစေ,ရလို၏,စို့ |
| သတ္တမီ | ။ | ရာ၏, ထိုက်၏ |
| ပရောက္ခာ | အတိတ် | ပြီတဲ့ |
| ဟိယျတ္တနီ | အတိတ် | ပြီ |
| အဇ္ဇတနီ | အတိတ် | ပြီ, ခဲ့၏ |
| ဘဝိဿန္တီ | အနာဂတ် | လတ္တံ့,အံ့, မည်, လိမ့်မည် |
| ကာလာတိပတ္တိ | အတိတ် | ရာပြီ, ငြားအံ့ |

## ပရဿပုဒ်နှင့် အတ္တနေပုဒ်

နာမ့်,တုမှ တည်းဟူသော သူတပါး၏ အနက်ကို ပြတတ်သော ရှေ့ဝိဘတ်(၆)လုံးတို့သည် ပရဿပုဒ်မည်ကုန်၏။

မိမိ အနက်တည်းဟူသော အမှ သဒ္ဒါ၏ အနက်ကို ပြတတ်သော နောက်ဝိဘတ် (၆)လုံးတို့သည် အတ္တနောပုဒ် မည်ကုန်၏။

တနည်း——

အလုံးစုံသော ကြိယာနှင့် ဆက်ဆံသော ပရမည်သော ကတ္တား၏ အနက်ကို ပြတတ်သော ရှေ့ဝိဘတ် (၆) လုံးတို့သည် ပရဿပုဒ် မည်ကုန်၏။

သကမ္မက ကြိယာတခုနှင့် ဆက်ဆံသော အတ္တမည်သော ကံ၏ အနက်ကို ပြတတ်သော နောက်ဝိဘတ် (၆) လုံးတို့သည် အတ္တနော ပုဒ် မည်ကုန်၏။

## ယောဂနှင့် အမျိုးအစား

သူ၊ သင်၊ ငါ ဟူသော ပြုလုပ်သူ ကတ္တားပုဒ်များနှင့် ယှဉ်တွဲ အသုံးပြုရသော ကြိယာပုဒ်သည် ယောဂမည်၏။ ထိုယောဂသည် နာမယောဂ၊ တုမှယောဂ၊ အမှယောဂဟု သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင် တုမှအမှတို့မှတပါးသောသူဟူသောပုရိသ ပုဂ္ဂလဖြစ်သော နာမ်ပုဒ်တို့နှင့်ယှဉ်ခြင်းသည် နာမယောဂမည်၏။

သင်ဟူသော တုမှသဒ္ဒါနှင့် ယှဉ်ခြင်းသည် တုမှယောဂမည်၏။

ငါ ဟူသော အမှသဒ္ဒါနှင့် ယှဉ်ခြင်းသည် အမှယောဂမည်၏။

## ပုရိသ်နှင့် အမျိုးအစား

ကြိယာ၊ ကာလ၊သကတ်၊ဒြပ်၊ကေဝုစ်၊ဗဟုဝုစ်၊သင်္ချာ၊ ကံစသော ကာရကဟု ဆိုအပ်ကုန်သော အနက်တို့ကို ပြည့်စေတတ်သောကြောင့် ပုရိသ်မည်၏။

**တနည်း** –

ဆိုလိုရင်း လိုရင်းဝါကျကို ပြည့်စေတတ်သောကြောင့် ပုရိသ်မည်၏။ ထိုပုရိသ်သည် ပဌမပုရိသ်၊မဇ္ဈိမပုရိသ်၊ ဥတ္တမပုရိသ်ဟူ၍ သုံးပါး အပြားရှိ၏။

ထိုသုံးပါးတို့တွင် နာမသဒ္ဒါနှင့် တွဲယှဉ်သော ရှေ့ဝိဘတ် နှစ်လုံးသည် ပဌမပုရိသ်မည်၏။

တုမှ သဒ္ဒါနှင့် တွဲယှဉ်သော အလယ် ဝိဘတ် နှစ်လုံးသည် မဇ္ဈိမပုရိသ်မည်၏။

အမှသဒ္ဒါနှင့် တွဲယှဉ်သောနောက်ဝိဘတ်နှစ်လုံးသည် ဥတ္တမပုရိသ်မည်၏။

## ၂ ပုရိသ်ယှက်ပုံ

ပါဠိဝါကျ ကျဉ်းစေလို၍ ပထမစသော ပုရိသ် နှစ်ပါး သုံးပါးတို့ကို တဝါကျစီ အသီးသီး မဆိုပဲ တပေါင်းတည်း ရောယှက်၍ ဆိုခြင်းသည် "ပုရိသ်ယှက်"သည် မည်၏။

### မြန်မာပုံစံ

| ပုရိသ်ကွဲပြားပုံ | ပုရိသ်ယှက်ပုံ |
|---|---|
| သူလည်းချက်၏၊ သင်လည်းချက်၏ (သူ၊ သင်) | သင်တို့ချက်ကြ၏။ (သင်) |
| သူလည်းချက်၏၊ ငါလည်းချက်၏ (သူ၊ ငါ) | ငါတို့ချက်ကြ၏ (ငါ) |
| သူလည်းချက်၏၊ သင်လည်းချက်၏၊ ငါလည်းချက်၏ (သူ၊သင်၊ငါ) | ငါတို့ချက်ကြ၏ (ငါ) |

### ပါဠိပုံစံ

| ပုရိသ်ကွဲပြားပုံ | ပုရိသ်ယှက်ပုံ |
|---|---|
| သော စ ပစတိ၊ တွဉ္စ ပစသိ (သော၊တွံ) | တုမှေ ပစထ (တုမှေ) |
| သော စ ပစတိ၊ အဟဉ္စ ပစာမိ(သော၊အဟံ) | မယံ ပစာမ (မယံ) |
| သော စ ပစတိ၊ တွဉ္စ ပစသိ၊ အဟဉ္စ ပစာမိ (သော၊ တွံ၊ အဟံ) | မယံ ပစာမ (မယံ) |

## အသုံးများသော ဝိဘတ်များ

### (၁) ဝတ္တမာန်ဝိဘတ်

ဝတ္တမာန်ဝိဘတ်သည် များသောအားဖြင့် ပစ္စုပ္ပန်ကာလ၌ဖြစ်၏။ ဝတ္တမာန်ဝိဘတ်သက်ထားသော ပုဒ်ကို ၏,နေ၏ဟု မြန်မာပြန်ဆိုရ၏။

ဝတ္တမာန်ဝိဘတ်များမှာ ပဒ (ပုဒ်)၊ ယောဂ (ယုဂ်)၊ ဝစန(ဝုစ်) အားဖြင့် အောက်ပါအတိုင်း ဖြစ်၏။

| ယောဂ | ပရဿပုဒ် ကေဝုစ် | ပရဿပုဒ် ဗဟုဝုစ် | အတ္တနောပုဒ် ကေဝုစ် | အတ္တနောပုဒ် ဗဟုဝုစ် |
|---|---|---|---|---|
| နာမ | တိ | အန္တိ | တေ | အန္တေ |
| ဘုမ္မ | သိ | ထ | သေ | ဝှေ |
| အမှ | မိ | မ | ဧ | မှေ |

### ဝတ္တမာန်ဝိဘတ် အစီအရင်ထူး ဆောင်ပုဒ်များ

၁။ တိဧ၊ မိဧ၊ တုမိဧ နှင့်၊ယျေယျောသိ၊ ယျောမိ ယျုံ၊ ဤရှစ်တန်၊မှတ်ရန် ပြေရ၊

၂။ ဂရု ပုဗ္ဗ၊ ရဿနောက်ရှိ၊ အန္တိ အန္တေ၊ဿန္တိ ဿန္တေ၊ဤလေးထွေ၊ရေလည်း ပြုရ၏။

၃။ ဟိမိမမှ၊ ရှေးရဿ၊ ဒီဃ ပုံသေပြု။

## (၂) ပဉ္စမီဝိဘတ်

ပဉ္စမီဝိဘတ်သည် စေခိုင်း, တိုက်တွန်း, တောင်းပန်, တောင့်တ, ကျိန်ဆိုသောအခါ စသည်တို့၌ ဖြစ်၏။ ပဉ္စမီဝိဘတ် သက်ထားသော ပုဒ်ကို–

နာမယောဂ၌........ပါစေ........စေသတည်း၊

တုမ္ဟယောဂ၌........လော........လော့၊

အမှယောဂ၌........ပါရစေ........လို၏........စို့ ။

## ပဉ္စမီဝိဘတ်ပုံစံ

| | ပရဿပုဒ် | | အတ္တနောပုဒ် | |
|---|---|---|---|---|
| ယောဂ | ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ် | ဗဟုဝုစ် |
| နာမ | တု | အန္တု | တံ | အန္တံ |
| တုမှ | ဟိ | ထ | ဿု | ဝှေါ |
| အမှ | မိ | မ | ဧ | အာမသေ |

### ဆောင်ပုဒ်

အနောင်ဟိကျေ၊ ပစ္စည်းတွေ၊ ကျေ၏ အချိမှာ။

## (၃) အဇ္ဇတနီဝိဘတ်

အဇ္ဇတနီဝိဘတ်သည် အတိတ်ကာလ၌ဖြစ်၏၊အဇ္ဇတနီဝိဘတ်သက် ထားသော ပုဒ်ကို“ခဲ့၏၊ပြီ”ဟု မြန်မာပြန်ဆိုရ၏။

### အဇ္ဇတနီဝိဘတ်ပုံစံ

| | ပရဿပုဒ် | | အတ္တနောပုဒ် | |
|---|---|---|---|---|
| ယောဂ | ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ် | ဗဟုဝုစ် |
| နာမ | ဤ | ဉံ | အာ | ဦ |
| တုမှ | ဩ | တ္ထ | သေ | ဝှံ |
| အမှ | ဣံ | မှာ | အ | မှေ |

### ဆောင်ပုဒ်များ

၁။ ဤဦအာမှာ၊ ဿာဿာမှာ၊ ရုံခါ ရဿပြု။

၂။ ဩကိုအဣ၊ တ္ထနှင့်သိ၊ ပြုဘိ ရုံတခါ။

၃။ အာကိုမူ တ္ထ၊ တ္ထကိုထ၊ အလည်း အံကိုသာ။

၄။ ထ မှာ နှောင်းက၊ ပစ္စည်းအာ၊ ပြုရ ဥ ရုံခါ။
၅။ ဂ္ဂါသု အံသု အာသုံ ဂ္ဂါသုံ၊ ဤလေးစုံ၊ ဉ ၏ကာရိယ။
၆။ ပ အစ် ဘ ကာ၊ ဝိလေးဖြာ၊ ရှေမှာ ဂ္ဂါသရ။
၇။ ဟိ အစ် ကာရှေ၊ သုံးဝိတွေ၊ ခတ်ရှေ အ-လာမြဲ။
၈။ အဇ္ဇတနာ၊ နှောင်းလေရာ၊ ရုံခါ သ-လာမြဲ။

## (၄) ဘဝိဿန္တိဝိဘတ်

ဘဝိဿန္တိဝိဘတ်သည် အနာဂတ်ကာလ၌ဖြစ်၏၊ ဘဝိဿန္တိဝိဘတ် သက်ထားသော ပုဒ်ကို "....အံ့....လတ္တံ့....မည်....လိမ့်မည်" ဟု မြန်မာ ပြန်ဆိုရ၏။

### ဘဝိဿန္တိဝိဘတ်ပုံစံ

| | ပရဿပုဒ် | | အတ္တနောပုဒ် | |
|---|---|---|---|---|
| ယောဂ | ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ် | ဗဟုဝုစ် |
| နာမ | ဿတိ | ဿန္တိ | ဿတေ | ဿန္တေ |
| တုမှ | ဿသိ | ဿထ | ဿသေ | ဿဝှေ |
| အမှ | ဿာမိ | ဿာမ | ဿံ | ဿာမှေ |

### အစီအရင်အထူး

၁။ ဒါ ဌာစသော အာသရဆုံးသော ဓာတ်သို့ဆက်လျှင် အာကို အ-ပြုရ၏။

ပုံစံ – ဒါ+ဿတိ=ဒဿတိ။

၂။ ဆုံးသော ပုဒ်သို့ တိုက်ရိုက်ဆက်ရ၏။

ပုံစံ – ဇေ+ဿတိ=ဇေဿတိ။

၃။ မေ့တပါးသော သရများဆုံးသော တည်ပုဒ်သို့ ဣ(−ိ)သရ ခံ၍ဆက်ရ၏။

ပုံစံ။ ဂစ္ဆ+−ိ+ဿတိ=ဂစ္ဆိဿတိ၊
သုဏော+−ိ+ဿတိ=သုဏိဿတိ။

## (၅) သတ္တမီဝိဘတ်

သတ္တမီဝိဘတ်သည် ကြံစည်,တောင့်တ,တိုက်တွန်း,ခွင့်ပြု,ဖြစ်သင့်,ဖြစ်ထိုက်ပုံကို ဖေါ်ပြသောအခါ၌ဖြစ်၏။ သတ္တမီဝိဘတ်သက်ထားသော ပုဒ်ကို "ရာ၏၊ ထိုက်၏" ဟု မြန်မာပြန်ဆိုရ၏။

### သတ္တမီဝိဘတ်ပုံစံ

| | ပရဿပုဒ် | | အတ္တနောပုဒ် | |
|---|---|---|---|---|
| ယောဂ | ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ် | ဗဟုဝုစ် |
| နာမ | ယျ | ယျုံ | ထေ | ရံ |
